မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများနှင့်အတူ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ပြီ

တိုင်းရင်းသားပြည်သူများ၏ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မှုကြောင့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့် ပြီးစီးအောင်မြင်

ဆက်လက်ဖော်ဆောင်မည့်အဆင့်များ အောင်မြင်စွာ ဖြစ်ထွန်းလာစေရေး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး စည်းလုံးညီညွတ်မှုဖြင့် လက်တွဲကြိုးပမ်း

နေပြည်တော် ဧပြီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၇နာရီ မိနစ် ၅၀ တွင် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံလေဆိပ်၌ ကျင်းပသည့် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လေယာဉ်ပြေးလမ်းဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုးချဲ့တည်ဆောက်ပြီးဖြစ်သည့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၆ ရက်)

အမျိုးသားပညာရည်မြင့်မားရေး တိုးမြှင့်ဖော်ဆောင် မြန်မာ့ပညာရေးသမိုင်း မော်ကွန်းထိုးနိုင်ရန် ကြိုးပမ်း

ပညာရေးဝန်ကြီးဌာန ၂၀၀၉ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ပျဉ်းမနား ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ဧပြီလ ၂၄ရက်နေ့က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် အမျိုးသား ပညာရည်မြင့်မားရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ နှစ် ၃၀နှစ်ရှည်စီမံကိန်းကို ဖော်ဆောင်လျက်ရှိသည်။

ယင်းစီမံကိန်း လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်သည်နှင့်အမျှ နိုင်ငံတော်အတွင်း ဒေသအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ခေတ်မီပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပြီး ယင်းစီမံကိန်းရလဒ်များ၏ စွမ်းအားကောင်းများသည် နိုင်ငံတော်၏ မျှော်မှန်းချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်းဖြင့် ပညာရေးဆိုင်ရာ အတွေ့အကြုံ ဗဟုသုတများ၊ တင်သွင်းသည့် စာတမ်းများမှ ပညာအရည်အသွေးမြင့်မားရေးဆိုင်ရာ နည်းစနစ်များ တီထွင်ဆန်းသစ်မှုများ၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်ခန်းစာများသည် လက်တွေ့သင်ကြားမှုနှင့် ကျောင်းအုပ်ချုပ်မှု စီမံခန့်ခွဲရေးလုပ်ငန်းနယ်ပယ်တွင် ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်သည်။

ယခုနှီးနှောဖလှယ်ပွဲတွင် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍဟူ၍ ကဏ္ဍနှစ်ခုမှ စာတမ်းများ တင်သွင်းမည်ဖြစ်ရာ အဆိုပါစာတမ်းများသည် ပညာရေးကဏ္ဍအသီးသီးအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့အသုံးပြု ဖော်ဆောင်နိုင်သည့် ပညာရည်မြင့်မားရေး အစီအမံများကို အထောက်အကူပြုမည့်စာတမ်းများဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေးကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ ပညာအရည်အသွေးမြင့်မားရေးအတွက် နှီးနှောဖလှယ်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ ၂၁ရာစု မြန်မာ့ပညာရေးသမိုင်းကို မော်ကွန်းထိုးနိုင်ရန် ဂုဏ်သိက္ခာရှိသော အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် ဆရာ၊ ဆရာမများက ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၁၉)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကြွေလည်းမွေးသောပန်း**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၄၂)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၃)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ ဘက်တော်သား** (ဇာတ်သိမ်းပိုင်း)

စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

နေပြည်တော် ဧပြီ ၂၅

စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီမံဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထပ်မံတိုးတက်တူးဖော်ထုတ်လုပ်သွားရန် ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် မသမာမှုများပပျောက်ရေးတို့အတွက် အဆင့်ဆင့်ကြပ်မတ် ထိန်းသိမ်းသွားရန်၊ ခေတ်မီနည်းစနစ်များကိုသုံး၍ ရေနံမြေများအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍အစည်းအဝေးတက်ရောက်လာကြသော ရေနံမြေအထွေထွေမန်နေဂျာများက မိမိတို့ ရေနံမြေအလိုက် လက်ရှိ ရေနံထုတ်လုပ်နေမှုအခြေအနေနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ချမှတ်ပေး

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေးအတွက် အလေးအနက်ထားပြီး ချမှတ်ပေးသော စီမံချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့် စနစ်တကျ စိစစ်သုံးစွဲသွားကြရန်နှင့် ရေနံမြေအသစ်များ၊ တွင်းသစ်များ ရှာဖွေ တူးဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်ရှာဖွေတူးဖော်မည့် အစီအမံများ ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်၊ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **ဖြည့်၍မပြည့်နိုင်ပါလား** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၆)
၇:၃၀ TOM & JERRY
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ Sunday Talk [ကိုကိုလှိုင်၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၃၅ များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေ စိတ်ချမ်းသာဖို့
၉:၅၀ Myanmar Video Rhythm
၁၀:၁၅ ရွှေဖြူဟုခေါ်သည် အပိုင်း (၁)
၁၀:၄၀ Fashion Guide (Bio-essence မိတ်ဆက်ပွဲ အခမ်းအနား)
၁၀:၅၅ မြန်မာ့ဆေးဖက်ဝင် အမည်ဆန်း တပင်တိုင်မြနန်း
၁၁:၂၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကွာလာလမ်ပူမြို့မှစွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၁၁:၅၀ အမျိုးနှင့်မျိုး နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဇော်၊ ဝင်းနိုင်(အနုပညာ) ဒါရိုက်တာ-ဖုန်းမြင့်အောင်
၁၂:၀၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (မြရိပ်ညိုရဲ့ Rock & Hip Hop Show)
၁၂:၂၅ Orchard Families (အပိုင်း-၂)
၁:၀၀ **ဖြည့်၍ မပြည့်နိုင်ပါလား** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂:၀၀ အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန်ထိန်းသိမ်းခြင်း နည်းလမ်းများ(Current Concepts on Management of Obesity)
၂:၁၅ Own Creative Fashion
၂:၂၅ ခံစားချက်ပေါင်းဆုံရာ··· ငပလီကမ်းခြေသာ
၂:၄၀ ယဉ်ကျေးလိမ္မာ ကလေးကဗျာ (ဦးတင်ချိုဦးနှင့် တွေ့ဆုံခြင်း)
၃:၀၅ ဆံကေသာ အလှဆင်ရာဝယ်
၃:၂၀ တေးဂီတအစီအစဉ်
၃:၄၀ ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၄:၀၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ကိုမြသိန်း)
၄:၃၀ ဓာတ်ပုံထဲက အမှတ်တရများ (ဟဲလေး)
၄:၅၅ VJ Choice
၅:၂၅ Sports World
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ Science Tech Today မုန်တိုင်းများ (အပိုင်း-၂)
၆:၅၀ Fashion Guide (Bio-essence မိတ်ဆက်ပွဲအခမ်းအနား)
၇:၀၅ International Video Topics (ဝမ်းကြာတိုက်အတွင်းမှ လူ့ဘဝခရီးအစ)
၇:၄၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (မြရိပ်ညိုရဲ့ Rock &Hip Hop Show)
၈:၀၀ MRTV-4 သတင်း
၈:၁၅ တေးဂီတအစီအစဉ်
၈:၃၅ Sunday Talk [ကိုကိုလှိုင်၊မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၆)
၁၂:၀၀ VJ Choice
၁၂:၂၅ Orchard Families (အပိုင်း-၂)
၁၂:၄၅ Own Creative Fashion
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၄) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Arsenal - Middlesbrough	ESPN (Live)
၉:၂၅	Blackburn-Wigan	ESPN (Live)

ကတ္တရာခင်း

စည်ပင်သာယာရေး ဦးစီးဌာန (ရှမ်းချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဧပြီ ၅ရက်က ကလောမြို့ နှီးဘုရားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

26-4 (02).pmd 1 4/26/2009, 4:12 AM

■ **ကျောဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ကျိုင်းတုံမြို့အဝင် ကျိုင်းတုံ-တောင်ကြီးလမ်းအနီးရှိ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ကျိုင်းတုံဘူတာယာဒ်ဝင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်လျာထားချက်များအလိုက် အမြန်ပြီးစီးနိုင်ရေးအတွက် သာမန်လုပ်ငန်းများ ဆောင်ရွက်နိုင်သောနေရာများတွင် လုပ်ငန်းအဖွဲ့များ ဖြန့်ခွဲ၍ တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်သွားရန်နှင့် အခက်အခဲရှိသော နေရာများတွင် လုပ်ငန်းအဖွဲ့များစုစည်း၍ အင်နှင့်အားနှင့် ဆောင်ရွက်သွားရန်မှာကြားသည်။

အဆိုပါ နမ့်စန်-ကျိုင်းတုံရထားလမ်းသည် အရှည်မိုင် ၁၉၈ မိုင်ရှိပြီး စီမံကိန်းတွင် ဘူတာပေါင်း ၄၀၊ တံတား ၁၀၃၉ စင်းနှင့် ဥမင် ခုနစ်ခုတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် ကျိုင်းတုံဘူတာယာဒ်ဝင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျိုင်းတုံတက္ကသိုလ်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံတက္ကသိုလ်သို့ ရောက်ရှိရာ ကျိုင်းတုံတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာဒေါ်ချောခင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြပြီး ခေတ္တပါမောက္ခချုပ်က တက္ကသိုလ်သမိုင်း၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဆရာ ဆရာမအင်အားနှင့် စာသင်ဆောင်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တည်ဆောက်ပြီးစီးသွားသည့် နှစ်ထပ်စာသင်ဆောင်နှင့် တည်ဆောက်ဆဲ နှစ်ထပ်စာသင်ဆောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရပင်များကို စီမံချက်ဖြင့် စိုက်ပျိုးရန် မှာကြားသည်။

ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)သို့ ရောက်ရှိရာ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဇော်မင်းနှင့် ဆရာ၊ ဆရာမများ၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်အေးအေးခိုင်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ခေတ္တကျောင်းအုပ်ကြီးများက တက္ကသိုလ်များ၏ သမိုင်း၊ သင်ကြားပို့ချလျက်ရှိသည့် အထူးပြု ဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဆရာ ဆရာမအင်အားနှင့် စာသင်ဆောင်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တည်ဆောက်ပြီးစီးသွားသည့် ကျိုင်းတုံတက္ကသိုလ် နှစ်ထပ်စာသင်ဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းအူကြောင်းတိုင်းတာမှု အခြေအနေ၊ နမ့်စန်-တာကော်လမ်းပိုင်းနှင့် တာကော်-ကျိုင်းတုံလမ်းပိုင်းတို့တွင် မြေကြီးလုပ်ငန်း၊ တာပေါင်လုပ်ငန်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စက်ယန္တရားများ အသုံးပြုမှုအခြေအနေတို့ကို ပရိုဂျက်တာနှင့် မြေပုံများဖြင့် ရှင်းလင်းတင်ပြပြီး ကာကွယ်ရေး

နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ ကော်လံ ၄ သို့

26-4 (03).pmd 1 4/26/2009, 4:12 AM

တူရကီနှင့် အာမေးနီးယား နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေး ထူထောင်မည်

အန်ကာရာ ဧပြီ ၂၅

တူရကီနှင့် အာမေးနီးယားနိုင်ငံတို့သည် ရာစုနှစ်တစ်ခုနီးပါး ရန်စောင်ခဲ့ပြီးနောက် နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးအတွက် လမ်းပြမြေပုံကို သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

တူရကီနှင့် အာမေးနီးယားနိုင်ငံတို့၏ နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးအစီအစဉ်ကို ဥရောပသမဂ္ဂ(အီးယူ)နှင့် အမေရိကန်နိုင်ငံတို့က ကြိုဆိုလိုက်ကြသည်။

သဘောတူ

ယင်းကိစ္စနှင့်စပ်လျဉ်း၍ သဘောတူညီချက်တစ်စုံတစ်ရာကိုမျှ လက်မှတ်မထိုးရသေးသော်လည်း မူအားဖြင့် သဘောတူပြီးဖြစ်ကြောင်း တူရကီနှင့် အာမေးနီးယားအစိုးရသတင်းရပ်ကွက်များက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီကွေဒေါနိုင်ငံ ကွီတိုမြို့ အရှေ့ဘက်တွင် ဘတ်စ်ကားတိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အင်ဒိုနီးရှားနှင့် မလေးရှား သဘောတူညီ

ဂျကာတာ ဧပြီ ၂၅

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက မလေးရှားဝန်ကြီးချုပ်သစ်ဒါတိုဆရီမွတ်နာဂျစ်ဘင်ဟာဂျီတွန်အဗ္ဗဒူရာဇတ်နှင့် နိုင်ငံတော်ဂေဟာ(နန်းတော်)တွင် တွေ့ဆုံဆွေးနွေးပြီး စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံပိုင် ကာလီမန်တန်ကျွန်းသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရန် မလေးရှားက ကမ်းလှမ်းထားသည်ဟု နာဂျစ်က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ကမ်းလှမ်းထား

မလေးရှားက လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံဆောက်လုပ်ရန် အစီအစဉ်ရှိပြီး မလေးရှားကျွန်းဆွယ်မှ အင်ဒိုနီးရှား ရေပြင်ကိုဖြတ်ကျော်၍ ဖော်ပြပါ ဒေသတွင် လျှပ်စစ်ဓာတ်အား ပြန်လည်ပေးမည်ဟု နာဂျစ်က ပြောကြားလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံ ရီယာပြည်နယ်ရှိ သဘာဝဓာတ်ငွေ့လုပ်ကွက်မှ ဓာတ်ငွေ့ထုတ်ယူရေးလုပ်ငန်းလုပ်ကိုင်ရန် အင်ဒိုနီးရှားက မလေးရှားရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီသို့ ကမ်းလှမ်းထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန် သတင်းစာဆရာနှစ်ဦး မြောက်ကိုရီးယားတွင် ရုံးတင်စစ်ဆေးခံရမည်

ဆိုးလ် ဧပြီ ၂၅

မြောက်ကိုရီးယားနယ်စပ်တွင် လွန်ခဲ့သည့်လက အဖမ်းခံရသော အမေရိကန်သတင်းစာဆရာနှစ်ဦးအား မြောက်ကိုရီးယားအစိုးရက ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရသည်။

သတင်းစာဆရာနှစ်ဦးမှာ ယူနာလီနှင့် လော်ရာလင်တို့ဖြစ်ပြီး အမေရိကန် ရုပ်မြင်သံကြားဌာနအတွက် လုပ်ကိုင်နေကြသူများဖြစ်ကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပေါ်ထွက်လာ

မြောက်ကိုရီးယားအစိုးရက နျူကလီးယားလက်နက်အစီအစဉ် ပြန်မစနိုင်စေရန် တွန်းအားပေးသည့်အနေဖြင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးက မြောက်ကိုရီးယားနိုင်ငံ၏ မြို့တော်ပြုံယမ်းသို့ သွားရောက်ခဲ့ပြီး ဖော်ပြပါ ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

လွှဲပြောင်းပေး

မြောက်ကိုရီးယားအဖွဲ့ တစ်ဖွဲ့က အမေရိကန်ပြည်ထောင်စုမှ သတင်းစာဆရာနှစ်ဦးအား စစ်ဆေးပြီးစီးပြီဖြစ်သည်။ အဆိုပါအဖွဲ့က သတင်းစာဆရာနှစ်ဦး ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ရုံးတင်စစ်ဆေးရေးအတွက် လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ကြသည်ဟု မြောက်ကိုရီးယားကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာရပ်နိုင်ငံများ ထောက်ခံမှု ဆုံးရှုံးနိုင် အစ္စရေးကို ဟီလာရီကလင်တန် သတိပေး

ဝါရှင်တန် ဧပြီ ၂၅

အစ္စရေးနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စရေးကို လက်ခံသင့်ကြောင်း၊ သို့မဟုတ်ပါက အီရန်၏ခြိမ်းခြောက်မှုကို ရင်ဆိုင်ရေးတွင် အာရပ်နိုင်ငံများ၏ထောက်ခံမှု ဆုံးရှုံးသွားနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဧပြီ ၂၄ ရက်၌ ပြောကြားလိုက်သည်။

ဝေဖန်ဆန်းစစ်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ တိုက်တွန်းပြောကြားချက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အစ္စရေးနိုင်ငံမှ လက်ယာအစိုးရ၏ တွန့်ဆုတ်နေမှုအပေါ် အမေရိကန်က သည်းမခံနိုင်တော့သည့် လက္ခဏာဖြစ်သည်ဟု ဝေဖန်ဆန်းစစ်သူများက သုံးသပ်သည်။

အသိအမှတ်ပြု

အစ္စရေးဝန်ကြီးချုပ် နက်တန်ယာဟုသည် ပါလက်စတိုင်းပြည်သူတို့၏ နိုင်ငံထူထောင်ခွင့်ကို အသိအမှတ်ပြုရန် တွန့်ဆုတ်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဆေးကုသမှုခံယူ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတွင် အသေခံဗုံးခွဲတိုက်ခိုက်မှု၌ ထိခိုက်ဒဏ်ရာရရှိသွားသည့် ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူလျက်ရှိသည်ကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ နင်စီရာဟူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရာဟူသဘာဝဘေးမဲ့တောအတွင်း ငှက်မျိုးစိတ်များကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ယင်းဘေးမဲ့တောအတွင်း ရှားပါးငှက်မျိုးစိတ်ပေါင်း ၂၀၀ကျော်ရှိကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဂျီအမ်ကား ထုတ်လုပ်မှုလျှော့ချမည်

ချီကာကို ဧပြီ ၂၅

အမေရိကန်နိုင်ငံအတွင်း ယခုနှစ် ပထမသုံးလအတွင်း မော်တော်ကားရောင်းအား ၃၈ရာခိုင်နှုန်း ကျဆင်းလာခဲ့ရာ ဂျီအမ်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် ယခုနှစ်နွေရာသီတွင် ၎င်း၏ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံများကို ကိုးပတ်ကြာ ပိတ်ထားမည်ဖြစ်ပြီး ကားစီးရေ ၁၇၀၀၀၀ကို လျှော့ချထုတ်လုပ်မည် ဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အသေခံဗုံးခွဲမှု နှစ်ခုဖြစ်ပွား ၇၆ ဦးသေဆုံး၊ ၁၂၇ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်နိုင်ငံ နှစ်နေရာတွင် ဧပြီ ၂၃ ရက်က အသေခံဗုံးခွဲမှုနှစ်ခုဖြစ်ပွားစဉ် အီရန်ဘုရားဖူး အများအပြားအပါအဝင် လူပေါင်း ၇၆ဦး သေဆုံးကြရသည်။ ယင်းမှာ တစ်နှစ်ကျော်ကာလအတွင်း တစ်နေ့တည်းလူအသေအပျောက် အများဆုံးရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်ခံရပြီး မကြာမီမှာပင် သူပုန်အုပ်စုခေါင်းဆောင်ဟု ဆိုသူ အဘူအိုမာကို ဖမ်းဆီးမိကြောင်း အီရတ်အာဏာပိုင်များက ကြေညာသည်။

ဒဏ်ရာရရှိ

ပထမအသေခံဗုံးခွဲ တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း ကီလိုမီတာ ၈၀အကွာ မူဒါဒီယာအနီးတွင်ဖြစ်ပြီး ၄၈ဦးသေဆုံးကာ ၇၇ဦးဒဏ်ရာရရှိသည်။ သေဆုံးသူများတွင် နှစ်ဦးမှအပ ကျန်သူများမှာ အီရန်ဘုရားဖူးများ ဖြစ်သည်။

ကြေညာ

ဒုတိယအသေခံဗုံးခွဲမှုမှာ ဘဂ္ဂဒက်မြို့လယ်၌ ဖြစ်ပွားသည်။ ၂၈ဦးသေဆုံးပြီး ၅၀ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၀၉ခုနှစ် တောင်ကိုရီးယားဖက်ရှင်နှင့် အထည်အလိပ်ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် လှပျိုဖြူများအား ဧပြီ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မိုးဦးကျစော၍ ကမ္ဘောဒီးယား၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား

ဖနောင်ပင် ဧပြီ ၂၅

ကမ္ဘောဒီးယားနိုင်ငံတွင် ယခင်နှစ်များထက် ယခုနှစ်တွင် မိုးဦးကျစောခဲ့ရာ ခြင်ကြီးများ အလွယ်တကူပေါက်ပွားစေပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများပြားလာကြောင်း ကမ္ဘောဒီးယား မီဒီယာက ဧပြီ ၂၃ရက်၌ ဖော်ပြသည်။

မကြာမီက ကလေးငယ် ၇၅၀သည် အဆိုပါရောဂါဖြစ်ပွားခဲ့ပြီး နှစ်ဦးသေဆုံးခဲ့သည်ဟု သွေးလွန်တုပ်ကွေး ရောဂါတိုက်ဖျက်ရေးဌာန ဒုတိယ ညွှန်ကြားရေးမှူး ပါချန်သာအား ကိုးကား၍ လိုက်အော့ဖ်ကစ်ပူချာ သတင်းစာက ရေးသားသည်။

ပိုမိုဖြစ်ပွား

ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် မညီညွတ်ခဲ့ပါက ရောဂါပြန့်ပွားမှုကို ပိုမိုဖြစ်ပွားစေမည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

ခြင်မပေါက်ပွားစေရန် ရေတွင်ထည့်ပေးမည့် ဆေးဝါးများကို အစိုးရက ရောဂါဖြစ်ပွားမှုနှင့် ဆက်နွှယ်မှုရှိသည့်ဒေသမှ ပြည်သူများထံသို့ ဖြန့်ဝေလျက်ရှိသည်ဟု ပါချန်သာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

26-4 (04).pmd 1 4/26/2009, 4:12 AM

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးသတင်းများ

မြန်မာ့အလင်း

ဧပြီ ၁၉ရက် မှ ၂၅ ရက်

ဧပြီ ၁၉ - **အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်တွင် အပူလှိုင်းကျရောက်ခဲ့ရာ ဧပြီ ၁၉ရက်က အပူချိန်၄၄ဒသမ ၃ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်သွားခဲ့သည်။ ယခုနှစ် နွေရာသီအတွင်း အပူချိန်မြင့်တက်လာမှုကြောင့် ဩရိသပြည်နယ်၌ သေဆုံးသူ ၂၃ဦးရှိသွားပြီ ဖြစ်သည်။**

- **အမေရိကန်နိုင်ငံ အယ်လ်ဘားမားပြည်နယ်အတွင်း အနည်းဆုံးလေဆင်နှာမောင်း ၁၄ခုဝင်ရောက်တိုက်ခတ်သွားခဲ့ရာ မော်ဂန်နှင့် မာရှဲလ်ဒေသများမှ နှစ်ဦးသေဆုံးသွားခဲ့သည်။ ထို့ပြင် မွေးမြူရေးကြက်ခြံများမှာလည်း လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ် ခံစားခဲ့ရ၍ ကြက်ကောင်ရေ ၉၀၀၀၀ သေဆုံးခဲ့သည်။**

ဧပြီ ၂၀ - အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ်တွင် လောင်ကျွမ်းလျက်ရှိသော တောမီးမှာ လူနေအိမ်များသို့ပါ ကူးစက်လောင်ကျွမ်းသဖြင့် နေအိမ်များ ရာနှင့်ချီ၍ ပျက်စီးဆုံးရှုံး ခဲ့သည်။ ယခု တောမီးလောင်ကျွမ်းမှုမှာ နှစ်ပေါင်း ၃၀အတွင်း တောင်ကာရိုလိုင်းနားပြည်နယ်၏ အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်သည်။ **(အောက်ပုံ)**

ဧပြီ ၂၁ - **အီကွေဒေါနိုင်ငံ ဂါလာပါဂို့စ်ကျွန်းရှိ လာကမ်ဘရီ မီးတောင်မှာ လေးနှစ်ကြာ ငြိမ်သက်ခဲ့ရာမှ ချော်ရည်ချော်တုံးများ၊ ဓာတ်ငွေ့များနှင့် မီးခိုးလုံးများ မှုတ်ထုတ်ကာ ပြန်လည် လှုပ်ရှားလာခဲ့သည်။ ဂြိုဟ်တုဓာတ်ပုံများအရ မီးတောင်မှ မှုတ်ထုတ်လိုက်သော ဓာတ်ငွေ့များမှာ ဂါလာပါဂို့စ်ကျွန်း အနောက်ပိုင်း မိုင်၆၀အကွာသို့ ပျံ့နှံ့သွားခဲ့သည်။**

ဧပြီ ၂၂ - မွန်ဂိုလီးယားနိုင်ငံ အလယ်ပိုင်းတွင် အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးခဲ့သည်။ ယင်းနေ့က အဆိုပါမုန်တိုင်းသည် တစ်စက္ကန့်လျှင် ၃၆မီတာ အထိ တိုက်ခတ်ခဲ့ပြီး ၁၈ဦး ပျောက်ဆုံးလျက်ရှိသည်။ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလည်း ပြတ်တောက်သွားခဲ့သည်။

ဧပြီ ၂၃ - **တရုတ် နိုင်ငံ စင်ကျန်းအူဂါ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် အင်အား ၅ ဒသမ ၀ အဆင့်ရှိ ငလျင် လှုပ်ခတ်သွားခဲ့သည်။ ယင်း ငလျင် ကြောင့် နေအိမ် ၂၅၇လုံး ပျက်စီးသွားခဲ့ပြီး ဒေသခံပြည်သူ ၅၇၈၀ အိုးအိမ်မဲ့ ဖြစ်သွားခဲ့ကြောင်း၊ သေဆုံးမှုနှင့်ထိခိုက်ဒဏ်ရာ ရရှိမှုသတင်း ကိုမူ ထုတ် ပြန်ခြင်း မရှိကြောင်းသိရသည်။** (ယာပုံ)

ဧပြီ ၂၄ - တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်စုပြည်နယ်တွင် သဲမုန်တိုင်းတိုက်ခတ်ခဲ့ပြီး လေယာဉ်ခရီးစဉ်များ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရာ ခရီးသည်ပေါင်းများစွာတို့မှာ လေဆိပ်အတွင်း သောင်တင်ခဲ့ကြရသည်။ ထို့အပြင် စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားခဲ့ရသည်။ သဲမုန်တိုင်းတိုက်ခတ်နှုန်းမှာ တစ်စက္ကန့်လျှင် ၂၄ဒသမ၃ မီတာဖြစ်သည်။

ဧပြီ ၂၅ - **အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်တွင် အင်အား ၅ဒသမ ၅အဆင့်ရှိ ငလျင် လှုပ်သွားခဲ့သည်။ ငလျင်မှာ ယင်းနေ့ဒေသစံတော်ချိန် ၂၁း၂၁နာရီက မာလူကူပြည်နယ် အမ်ဘွန်မြို့ အရှေ့တောင်ဘက် ၁၈၉ ကီလိုမီတာအကွာ ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ ၂၀ အကွာကို ဗဟိုပြု၍ လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ချက်ချင်းမသိရသေးကြောင်း သိရသည်။**

စုစည်းရေးသားသူ-အေးသန္တာသိန်း

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး မွေးနေ့ကိတ်ကြီး



အမေရိကန်နိုင်ငံ ဆီတဲလ်မြို့ အက်ဒီဆင် နည်းပညာကျောင်းတွင် ၁၉၆၂ ခုနှစ်က မွေးနေ့ကိတ်ကြီးတစ်လုံးကို စပျစ်သီးခြောက် ပေါင် ၇၀၀၀၊ ကြက်ဥ ဒါဇင် ၁၅၀၀၊ ပန်းညိုရောင်သစ်စေ့ပေါင် ၂၂၀၀၊ ဂျုံမှုန့်ပေါင် ၁၀၅၀၀၊ သကြား ပေါင် ၄၀၀၀နှင့် ဆားပေါင် ၁၀၀တို့ဖြင့် ပြုလုပ်ခဲ့ရာ ပြင်ဆင်မွမ်းမံသည့်ပစ္စည်းများ အပါအဝင် ပေါင် ၂၅၀၀၀ရှိပြီး အမြင့် ၂၃ပေရှိကာ မျက်နှာပြင် ခြောက်ခုနှင့် အချင်းပေ ၆၀ ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးမွေးနေ့ကိတ်ကြီးအဖြစ် ယနေ့တိုင် ဂင်းနက်စ်မှတ်တမ်းဝင်လျက်ရှိသည်။ **(ဝဲပုံ)** **(အင်တာနက်)**

ကမ္ဘာ့အရှည်ဆုံး ဟော့ဒေါ့



ဂျပန်နိုင်ငံ တိုကျိုမြို့ အကာဆာကာပရင့်စ်ဟိုတယ်တွင် ပြုလုပ်ခဲ့သော ဟော့ဒေါ့ကြီးမှာ ၆၀ဒသမ ၃မီတာ ရှည်လျားသဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံးဟော့ဒေါ့ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ) (အင်တာနက်)

သဘာဝသိပ္ပံ

တောင်ဝင်ရိုးစွန်းမှ ရောမရေခဲပြင်ကြီး မကြာမီ ကွဲပြတ်သွားနိုင်ဟုဆို

ကမ္ဘာ့တောင်ဝင်ရိုးစွန်းရှိ ဝီလ်ကင်းစ်ရေခဲပြင်ကြီးမှာ မကြာမီကာလအတွင်း ကွဲပြတ်သွားနိုင်ကြောင်း ပါရီအခြေစိုက် ဥရောပအာကာသအေဂျင်စီ(အီဆာ)က သတိပေးထားသည်။

_သေးသိမ်သွား_

ကမ္ဘာကြီးကို စောင့်ကြည့်မှတ်တမ်းတင်ပေးနေသည့် ဂြိုဟ်တုဖြစ်သော အင်ဗီဆက်ကပေးပို့သည့် ဓာတ်ပုံများအရ တောင်ဝင်ရိုးစွန်းကုန်းမြေနှင့် အဆိုပါရေခဲပြင်ကြီးကို ဆက်သွယ်ပေးသည့် ရေခဲပေါင်းကူးတံတားမှာ သိသိသာသာကြီး သေးသိမ်သွားပြီဖြစ်ကြောင်း တွေ့မြင်ရသည်။

စတင်ယိုယွင်း

အက်ကြောင်းများထပ်ပေါ်လာပြီး ရေခဲတုံးကြီးတစ်တုံး ပြတ်ထွက်သည့် ဤရက်သတ္တပတ်အတွင်းတွင် အဆိုပါ ရေခဲပေါင်းကူးတံတား စတင်ယိုယွင်းသည့် လက္ခဏာရှိသည်ဟု အီဆာက ကြေညာသည်။

_ကျယ်ဝန်း_

အန္တာတိကတိုက်၏ အနောက်ဘက်တွင် တည်ရှိသည့် ဝီလ်ကင်းစ် ရေခဲပြင်ကြီးမှာ မူလကစတုရန်းကီလိုမီတာ ၁၃၀၀၀ ခန့် ကျယ်ဝန်းသည်။ ၁၉၉၀ပြည့်လွန်နှစ်များမှစ၍ တဖြည်းဖြည်း ကျဉ်းလာသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်လော သို့မဟုတ် တောင်သမုဒ္ဒရာမှ ပူနွေးသော ရေစီးကြောင်းများကြောင့်လော စသည်ဖြင့် သိပ္ပံပညာရှင်တို့ သို့လောသို့လော ဖြစ်နေကြသည်ဟု ဆိုသည်။ **_(အင်တာနက်)_**

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ
မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝဒဿန

❖ ***Consider the little mouse, how sagacious and animal it is which never entrusts his life to one hole only.***

❖ *တွင်းတစ်တွင်းထဲ၌သာ ယုံစားအပ်နှံထားခြင်းမပြုသော ကြွက်ငယ်လေးအကြောင်းကို စဉ်းစားကြည့်ပါက ၄င်းဉာဏ်ပညာ မည်မျှရှိသည်ကို သိနိုင်သည်။*

ပလော့တပ်စ်(ရောမလူမျိုးကဗျာဆရာ)

ဘဝအမောပြေ

နောက်ထပ်နာမ်တစ်ခု ....

ကျောင်းတစ်ကျောင်းတွင် ဆရာက တပည့်များအား ၄င်းသင်ကြားခဲ့သည့် မြန်မာသဒ္ဒါ သင်ခန်းစာများကို ပြန်လှန်လေ့ကျင့် သင်ကြားနေချိန်ဖြစ်သည်။

ဆရာ ။ ။ ကဲ...တပည့်တို့၊ မြန်မာသဒ္ဒါမှာ ဝါကျတည်ဆောက်ရင် လိုအပ်တဲ့ ဝါစင်္ဂ ဘယ်နှမျိုးရှိသလဲ။

တပည့်များ ။ ။ ရှစ်မျိုးရှိပါတယ် ဆရာ။

ဆရာ ။ ။ အဲဒီရှစ်မျိုးကို ရွတ်ပြစမ်းပါ။

တပည့်များ ။ ။ ဝါစင်္ဂရှစ်မျိုးမှာ နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓနှင့် အာမေဋိတ်တို့ ဖြစ်ကြပါတယ်။

ဆရာလည်း သူမေးသော မေးခွန်းကို တပည့်များ ဒိုးဒိုးဒေါက်ဒေါက် ဖြေဆိုနိုင်သဖြင့် ဝမ်းမြောက်ဝမ်းသာရှိနေလေသည်။ ထို့ကြောင့် ဝါစင်္ဂရှစ်မျိုးအနက်မှ တစ်မျိုးကို ဆက်လက်မေးမြန်းလိုက်ပြန်သည်။

ဆရာ ။ ။ ကဲ...တပည့်တစ်ယောက်ထပြီး နာမ်တစ်ခု ပြောပြပါ။

တပည့် ။ ။ 'နွား'ပါ ဆရာ။

ဆရာ ။ ။ မှန်တာပေါ့ကွာ၊ ကဲ...နောက်တစ်ယောက် နာမ်တစ်ခု ထပ်ပြောစမ်းပါဦး။

တပည့် ။ ။ နောက်ထပ်'နွား'တစ်ကောင်ပါ ဆရာ။

ဆရာ ။ ။ 'ဘာ'

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကဒပ္ပန ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆည်တမံစီမံကိန်း၏ ၂၂၁ ခုမြောက် ကဒပ္ပနရေထိန်းတံခါးဖွင့်လှစ်

နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၂၅၈၀ ကျော် အကုန်အကျခံတည်ဆောက်ပေးခဲ့ ကျောက်တန်းနှင့်သုံးခွမြို့နယ်အတွင်း လယ်မြေဧက ၁၅၀၀၀ ကို အကျိုးဖြစ်ထွန်းစေမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပ္ပနကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကဒပ္ပန ရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အထောက်အကူပြု

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာ၌ ယခု ရေထိန်းတံခါးကို တည်ဆောက် ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် စိုက်ပျိုးမြေဧက ၁၅၀၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသ စိမ်းလန်းစိုပြည်စေရေးနှင့် သောက်သုံးရေအခက်အခဲကိုပါ အထောက်အကူပြုစေမည့် စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း။

ယခု ဖွင့်လှစ်လိုက်သော ကဒပ္ပန ရေထိန်းတံခါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက်ပိုင်း တည်ဆောက်ပြီးစီးခဲ့သည့် ၂၂၁ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၉ခုမြောက် ဆည်မြောင်း စီမံကိန်းလုပ်ငန်းလည်းဖြစ်ကြောင်း။

တားဆီးထားနိုင်

ရန်ကုန်တိုင်းအတွင်း၌ရှိသော သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်များတွင်ရှိသည့် ရေကြီးရေလျှံမ်းကွင်းများမှ မိုးရာသီရေပိုရေလျှံများကို ကဒပ္ပနချောင်းအတွင်း ဒီရေကျချိန်တိုင်း၌ ရေတံခါးမှ တစ်ဆင့်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒီရေတက်ချိန်တွင် ပင်လယ်ဆားငန်ရေများ ကုန်းတွင်းသို့ ဝင်ရောက်မှုမရှိစေရန် တားဆီးထားနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေပေးဝေကာ ဆောင်းသီးနှံများအတွက်လည်း အစိုဓာတ် ထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း၊ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းအားဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများ တိမ်ကောမှုကိုလည်း ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် ကဒပ္ပန ရေထိန်းတံခါးကြီးသည် ရေတံခါးပေါက် ၂၇ပေါက် ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်းစိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပြီးမြောက် အောင်မြင်သွားသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

လေးစားလိုက်နာ

ရေရှည် သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

လမ်းညွှန်ထား

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားရာ၌ နိုင်ငံတော် အကြီးအကဲက ကျေးလက်ဒေသဖွံ့ဖြိုးရေး မူကြီး(၅)ရပ် အကောင်အထည်ဖော်ရန် လမ်းညွှန်ထားကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမူကြီး(၅)ရပ်မှာ ကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးများဖြစ်ကြောင်း။

ရန်ကုန်တိုင်းအတွင်း ရေရရှိရေးနှင့် စပ်လျဉ်းပြီး ရေလှောင်တမံ ကိုးခုရှိပြီး သောက်သုံးရန်နှင့် စိုက်ပျိုးရန် ရေလှောင်တမံခြောက်ခု၊ ရေကူဆည်သုံးခုရှိကြောင်း၊ မြစ်ရေတင်စီမံကိန်း ၂၂ခု တည်ဆောက်ထားပြီးဖြစ်ကြောင်း။

အသုံးပြုနိုင်

လက်ရှိဖွင့်လှစ်သည့် ကဒပ္ပန ရေထိန်းတံခါးမျိုး ရန်ကုန်တိုင်းအတွင်း စုစုပေါင်း ၁၁၅ခုတည်ဆောက်ထားကြောင်း၊ ရေထိန်းတံခါး ၁၄ ခုမှာ စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ပြီး ကျန်ရေထိန်းတံခါးများမှာ သဘာဝဘေးဒဏ် ကာကွယ်ရေးအတွက် ရေငန်ရေတားဆီးရေး၊ ရေချိုရေ ထိန်းသိမ်းရေးတို့အတွက်ဖြစ်ကြောင်း။

ယခုကဲ့သို့ ရေလှောင်တမံများ၊ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကြောင့် ရန်ကုန်တိုင်းအတွင်း ရေချိုရရှိခြင်း၊ စိုက်ပျိုးမြေကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးနိုင်ခြင်း၊ ရေငန်ဝင်ခြင်းမှတားဆီးနိုင်ခြင်းနှင့် ရန်ကုန်မြို့မှ မိုင်၃၀ စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုသည့်အတွက် သဘာဝဘေးဒဏ်များကိုပါ ကာကွယ်ပြီး အမြဲစိမ်းလန်းစိုပြည်သော တိုင်းကြီးအဖြစ် ရရှိမည်ဖြစ်သည့်အတွက် စီမံပေးသော နိုင်ငံတော်အကြီးအကဲနှင့် တည်ဆောက်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို နယ်မြေခံလူထုနှင့်အတူ အထူးကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေရရှိရေးနှင့် ရေဘေး ကာကွယ်ရေးလုပ်ငန်းများအတွက် ဆည်တမံနှင့် ရေထိန်းတံခါး တည်ဆောက်မှုများကို တပ်မတော်က နိုင်ငံတော်တာဝန်

ကို စတင်ယူခဲ့သည့် ၁၉၈၈ခုနှစ်မှ စပြီး အလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ကဒပ္ပန ရေထိန်းတံခါးသည် ၂၂၁ ခုမြောက် စီမံကိန်းဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

ကဒပ္ပနရေထိန်းတံခါးကြီးကို ခြောက်ပေ၊ ၁၆ပေ၊ ရေတံခါးပေါက် ၂၇ခု ပါသည့် ကွန်ကရစ် ရေတံခါးကြီးအဖြစ် တည်ဆောက်ထားခြင်းဖြစ်ပြီး ကျောက်တန်းနှင့် သုံးခွမြို့နယ်အတွင်းက လယ်မြေဧက ၁၅၀၀၀ ကို အကျိုးဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၂၅၈၀ ကျော် အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ယခုရေထိန်းတံခါးက အကျိုးပြုမည့် မြို့နယ် နှစ်ခုရှိ ကျေးရွာအုပ်စု ၁၀ ခု၌ မူလက မိုးစပါးကို ဧက ၁၄၀၀၀ကျော် ပထမသီးနှံအနေဖြင့် စိုက်ပျိုးကြကြောင်း၊ ဆက်လက်ပြီး သီးထပ်အဖြစ် ပဲတီစိမ်းနှင့် နေကြာသီးနှံကို ဧက၁၀၀၀၀ ကျော်စိုက်ပျိုးကြသည့်အတွက် စုစုပေါင်း သီးနှံစိုက်ဧရိယာသည် ဧက၂၄၀၀၀ ကျော်ရှိကြောင်း၊ ယခုအချိန်တွင် ရေထိန်းတံခါးတည်ဆောက်ပြီးစီးသွားခြင်းကြောင့် ပထမသီးနှံ မိုးစပါးကို ဧက ၁၄၀၀၀ကျော်အပြင် သီးထပ်အဖြစ် နွေစပါးဧက၁၂၀ နှင့် ပဲတီစိမ်းနှင့်နေကြာသီးနှံဧက ၁၁၆၀၀ ကို စိုက်ပျိုးလာနိုင်မည်ဖြစ်၍ စုစုပေါင်း သီးနှံစိုက်ဧက ၂၅၆၃၃ အထိ ရှိလာမည်ဖြစ်ကြောင်း။

ဤရေထိန်းတံခါးကို ၂၀၀၆-၂၀၀၇ ခုနှစ်ကစပြီး နှစ်နှစ်တာ ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း။

အထင်အရှား

တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့သည့် အချိန်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လယ်ယာမြေဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကြီးများအဖြစ်ဖြင့် ဆည်တမံစီမံကိန်းလုပ်ငန်းပေါင်း ၂၂၁ခုက တိုတောင်းသော အချိန်ကာလများအတွင်းတွင် နိုင်ငံနှင့်အဝန်း လယ်ယာမြေဧက နှစ်သန်း ရှစ်သိန်းခန့်ကို အကျိုးခံစားရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအနက် ရန်ကုန်တိုင်းအတွင်း၌ဆိုလျှင် ယခု ကဒပ္ပန ရေထိန်းတံခါး စီမံကိန်းကြီးများအပါအဝင် ဆည်မြောင်းစီမံကိန်း ၁၉ခုသည် အခြေခံအဆောက်အအုံကောင်းများအဖြစ် အထင်အရှားဖြစ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကဒပ္ပန ရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံပြည်သူများကိုယ်စား ကျောက်တန်းမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသူများအား လက်ဆောင်များကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကဒပ္ပန ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကဒပ္ပန ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူးက ကဒပ္ပန ရေထိန်းတံခါးတည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ကဒပ္ပန ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ရည်ရွယ်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ်တွင်းရှိ ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီမြစ်အတွင်း ဒီရေတက်ချိန်၌ မြစ်ရေများ ကုန်းသို့ဝင်ရောက်မှုမရှိစေရန်နှင့် မြစ်ရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ရေပိုရေလျှံများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများရေလွှမ်းခံရမှု လျော့နည်းသက်သာစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးနိုင်ရန်၊ ဆောင်းသီးနှံများအတွက် အစိုဓာတ်ထိန်းသိမ်းပေးနိုင်ရန်နှင့် နွေရာသီ ရေချိုပိုမိုရရှိစေရန်၊ နွေရာသီတွင် ပင်လယ်ဆားငန်

"ရေကြီးတာလဲမရှိ၊ ရေငန်ဝင်တာလဲမရှိတော့ရင် သီးနှံများ ဖွံ့ဖြိုးလာတော့မှာဖြစ်လို့ ဝမ်းမြောက်ရပါတယ်" ဦးစိုးဟန် လယ်သမား၊ ဝင်းကြီးကျေးရွာ။

ရေနှင့် သဲနုန်းများ ကွင်းအတွင်းသို့ ဝင်ရောက်ခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းမှ ကာကွယ်ပေးရန်နှင့် ချောင်းများ တိမ်ကောမှုတားဆီးပေးနိုင်ရန်တို့ကို ရည်ရွယ်၍တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကွာဝေး

ကဒပွန်ရေထိန်းတံခါး စီမံကိန်းအရ ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းကို လေ့လာရေးသားရန်အတွက် စီမံကိန်းတာဝန်ယူဆောင်ရွက်ပေးရသော တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း၏ အစီအစဉ်ဖြင့် ဧပြီ ၉ရက်တွင် စီမံကိန်းတည်ရှိရာ ရန်ကုန်တိုင်းကျောက်တန်းမြို့နယ်ကဒပွန်ချောင်း ကဒပွန်ရွာအနီးရှိ ကဒပွန် ရေထိန်းတံခါးသို့ သွားရောက်ခဲ့ကြပြီး သုံးခွမြို့နှင့် ငါးမိုင်ခန့်ကွာဝေးသည့် ကဒပွန် ရေထိန်းတံခါးတည်ရှိရာ ကျောက်တန်းမြို့နယ်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။ ကဒပွန်သို့ သန်လျင်တံတားကြီးကို ဖြတ်ကျော်၍ သုံးခွ-ကဒပွန် ကားလမ်းမှ သွားကြရသည်။

ပတ်ဝန်းကျင်တွင် ပူပြင်းနေသော်လည်း လမ်းတစ်လျှောက် လယ်ကွင်းများတွင် စိမ်းစိုနေသည့် ပဲစိုက်ခင်းများ၏ မြင်ကွင်းကြောင့် စိတ်ချမ်းမြေ့စွာဖြင့် ခရီးဆက်နိုင်ကြသည်။

ကာကွယ်နိုင်

ကဒပွန်ရေထိန်းတံခါးသို့ရောက်ရှိသွားရာတွင် ရေထိန်းတံခါးကြီးမှာ ရာနှုန်းပြည့် ပြီးစီးနေပြီကို မြင်တွေ့ရသည်။ ၂၀၀၆-၂၀၀၇ခုနှစ်တွင် စီမံကိန်းစတင်ပြီး ၂၀၀၈-၂၀၀၉ခုနှစ် ပွင့်လင်းရာသီနှစ်ရာသီဖြင့် အပြီးတည်ဆောက်ခဲ့သည်။ ရေကြီးရေလွှမ်းကွင်းများအတွင်းရှိ စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်သည်ကို တွေ့ရသည်။

မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိသောအချိန်မှာ ကဒပွန်ရေထိန်းတံခါးဖွင့်ပွဲကျင်းပရန် စီစဉ်နေသောကြောင့် အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုနေသည်ကို တွေ့ရသည့်အပြင် ရေထိန်းတံခါးဖွင့်ပြီးပါက စိုက်ပျိုးရေရရှိတော့မည်ကို သိထားကြသည့်အလျောက် ဝမ်းသာရွှင်ပြုံးလျက်ရှိသည်။ ရေထိန်းတံခါး တည်ဆောက်ပြီးစီးခြင်း၏ အကျိုးသက်ရောက်မှုကို သိရှိနေကြသောကြောင့် ဝမ်းသာအားရ ဖြစ်နေကြသည်။ ကဒပွန်ရေထိန်းတံခါးကဲ့သို့ သုံးခွရေထိန်းတံခါး၊ တကောရေထိန်းတံခါးတို့သည်လည်း ဒေသကို အကျိုးပြုနေပြီဖြစ်သည်။

ရှေးဦးစွာ ကဒပွန်ရေထိန်းတံခါး ရှင်းလင်းဆောင်တွင် ရောက်ရှိနေသော တည်ဆောက်ရေး(၆)မှ လက်ထောက်ဦးစီးမှူး ဦးဝင်းခိုင်က ကဒပွန်ရေထိန်းတံခါးကို ပွင့်လင်းရာသီ နှစ်ရာသီဖြင့် တည်ဆောက်ပေးခဲ့ကြောင်း၊ ရေထိန်း၊ ရေထုတ်ပြုလုပ်နိုင်ရန် Up Stream ဘက် တစ်ပေါက်လျှင် Flat Gate နှစ်ရွက်၊ Down Stream ဘက် တစ်ပေါက်လျှင် Silt Gate လေးရွက်စီ တပ်ဆင်ထားကြောင်း၊ ယခု တည်ဆောက်ပေးသော ကဒပွန်ဧရိယာတွင် မိုးတွင်းမှာ ပေါင်းလန်

"ရေတံခါးဖွင့်ပြီး ရေပေးမယ်ဆိုရင် နွေစပါးကိုလဲ စိုက်မှာပါ" ဦးထွန်းအုပ်၊ ဆယ်ရွာစံပြကျေးရွာ။

အောင် ရေလျှံပြီး နွေမှာ သောက်စရာမရှိ အောင်ပင် ရေရှားခဲ့ကြောင်း၊ မြေအောက်ရေလည်း ရရှိရန်ခက်ခဲမှုကြောင့် ယခု တည်ဆောက်ပေးသည့် ကဒပွန်ရေထိန်းတံခါးသည် လယ်မြေဧက ၁၅၀၀၀အတွက် ရေချိုထိန်းပြီး ရေပိုထုတ်ကာ လယ်မြေရေလျှံရေမြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသွားသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရောက်တုန်းရောက်ခိုက် ဒေသခံများအား တွေ့ဆုံစေ့ငုခဲ့သည်။

မေး - ဆရာမအမည် ဘယ်လိုခေါ်ပါသလဲ။

ဖြေ - ဒေါ်ခင်မာချိုဖြစ်ပါတယ်။ ကဒပွန်မူလွန်ကျောင်းက ဖြစ်ပါတယ်။

မေး - ဆရာမတို့ ကဒပွန်ရေထိန်းတံခါး မတည်ဆောက်သေးခင်နှင့် တည်ဆောက်ပြီးအချိန် ဘယ်လိုထူးခြားမှု ရှိပါသလဲ။

ဖြေ - ရေထိန်းတံခါးမရှိခင်က ကျွန်မတို့ဒေသလယ်မြေတွေကို ရေလွှမ်းမိုးခံရပါတယ်၊ အခု ရေထိန်းတံခါးတည်ဆောက်ပြီးတာနဲ့ ကွာပါတယ်၊ အရင်က တစ်သီးစားသာရပါတယ်၊ အခုတော့ တစ်သီးစားမှ နှစ်သီးစားရပါတယ်၊ တောင်သူတွေ စီးပွားရေး တိုးတက်လာတာနဲ့ သူတို့သားသမီးတွေ ကျောင်းနေရတာ တိုးတက်လာပါတယ်၊

"လယ်မြေဧက ၁၅၀၀၀အတွက် ရေချိုထိန်းပြီး ရေပိုထုတ်ကာ လယ်မြေများ ရေလျှံရေမြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်" ဦးဝင်းခိုင်၊ လက်ထောက်ဦးစီးမှူး တည်ဆောက်ရေး(၆)။

အရင်တုန်းက မူလတန်းသာ နေနိုင်ပြီး အခုတော့ လမ်းပန်းချောမွေ့တာကြောင့် အလယ်တန်းမှ အထက်တန်းအထိ ပညာသင်ယူနိုင်ကြပါတယ်၊ ပြီးရင်တော့ တက္ကသိုလ်အထိ ပညာဆက်လက် သင်ယူနိုင်ကြမှာဖြစ်ပါတယ်။ဒါဟာလမ်းပန်းဆက်သွယ်ရေး ကောင်းလို့ ဖြစ်ပါတယ်၊ ခုလို ပညာတိုးတက်သင်ကြားနိုင်အောင် ဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ကို အများကြီးကျေးဇူးတင်ပါတယ်။

ငှင်းနောက် ထပ်မံတွေ့ရှိသော ဆရာမတစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

မေး - ဆရာမ နာမည် ဘယ်လိုခေါ်ပါသလဲ။

ဖြေ - ဒေါ်စိုးစိုးအေး ဖြစ်ပါတယ်။ ကဒပွန် မူလွန်ကျောင်းကပါ၊ ဒုတိယတန်းသင်ပါတယ်။ လုပ်သက်ငါးနှစ်ရှိပါပြီ၊ ရေထိန်းတံခါး တည်ဆောက် ပေးတာကြောင့် တစ်သီးစားကနေ နှစ်သီးစား စိုက်နိုင်ကြလို့ မိဘများဝင်ငွေတိုးတာကြောင့် ကျောင်းမနေနိုင်ကြတဲ့ ကျောင်းသားရယ်လို့ မရှိတော့ဘဲ ကျောင်းသားအင်အား တိုးလာပါတယ်။ သွားလာရေး လွယ်ကူပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတာကြောင့် ပညာရေးပါ တိုးတက်လာပါတယ်။ ပညာတတ်တွေများမှ နိုင်ငံလည်း စည်ပင်ဝပြောတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာတော့မှာဖြစ်လို့ နိုင်ငံတော်အကြီးအကဲများကို ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

မေး - နာမည်ဘယ်လိုခေါ်ပါသလဲ။

ဖြေ - ဦးကြည်ဦး ဖြစ်ပါတယ်။

မေး - အလုပ်အကိုင်က ဘာလုပ်ပါသလဲ။

ဖြေ - လယ်ယာစိုက်ပါတယ်၊ ၁၆ဧက စိုက်ပါတယ်။ စပါးပြီး ပဲစိုက်ပါတယ်။ပင်လယ် ကမ်းဘေးမှာရှိကြတဲ့ တောင်သူတွေအနေနဲ့ အရင်တုန်းကတော့ စပါးပဲစိုက်ခဲ့တာပါ။ ယခုတော့ ဒီရေထိန်းတံခါးကြောင့် လယ်သာမက ပဲလည်း စိုက်နိုင်တော့မှာပါ။

မေး - လောလောဆယ် နွေစပါးစိုက်ကြပြီလား။

"ပညာရေး တိုးတက်သင်ကြားနိုင်အောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ကို အများကြီးကျေးဇူးတင်ပါတယ်" ဒေါ်ခင်မာချို ကျောင်းအုပ်ဆရာမကြီး ကဒပွန်မူလွန်ကျောင်း။

ဖြေ - မကြာခင် စိုက်ကြတော့မှာပါ။ မိုးစပါး၊ နွေစပါးနဲ့ ပဲစိုက်ကြတော့မှာ ဖြစ်ပါတယ်။ နွေစပါး၊ မိုးစပါး၊ ဆောင်းစပါးကိုပါ စိုက်ကြတော့မှာပါ။ ပဲမရတဲ့ လယ်တွေလည်း နှစ်သီးစား၊ သုံးသီးစား လုပ်နိုင်တော့မှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးသာမက ကျွဲ၊ နွား တိရစ္ဆာန်တွေပါ ရေချိုသုံးစွဲနိုင်တော့မှာ ဖြစ်ပါတယ်။ ရေငန်တားဆီးနိုင်တာကြောင့် အများကြီး အကျိုးရှိမှာဖြစ်ပါတယ်။

ငှင်းနောက် ဆယ်ရွာစံပြကျေးရွာမှ ဦးထွန်းအုပ်အား တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး - ဦးထွန်းအုပ် ဘာလုပ်ကိုင်ပါသလဲ။

ဖြေ - လယ်စိုက်ပါတယ်။ ၁၃ဧက စိုက်ပါတယ်။ မိုးရာသီမှာ စပါးစိုက်ပြီး ဆောင်းရာသီမှာ ပဲစိုက်ပါတယ်။ ရေတံခါးနှင့် ရေချိုကို ထိန်းထားတာကြောင့် နွေရောမိုးပါ စပါး၊ ပဲစသည်တို့ကို အောင်မြင်စွာ စိုက်နိုင်တော့မှာ ဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ရေအခက်အခဲကြောင့် ပဲစိုက်ကြပါတယ်။ ရေထိန်းတံခါးကဖွင့်ပြီး ရေပေးမယ်ဆိုရင် နွေစပါးကိုလည်း စိုက်မှာပါ။

ငှင်းနောက် ဝင်းကြီးကျေးရွာမှ ဦးစိုးဟန်အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး - ဘာလုပ်ကိုင်ပါသလဲ။

ဖြေ - လယ်လုပ်ပါတယ်။ ၁၂ဧက လုပ်ပါတယ်။ အရင်တုန်းက နွေမှာ ပဲစိုက်ပြီး မိုးမှာ မိုးစပါး စိုက်ပါတယ်။ ရေတံခါးပြီးလို့ ရေပေးရင် နွေစပါးစိုက်မှာပါ။ ပဲစိုက်တာ အရင်းအနှီး များပါတယ်။ စပါးက အရင်းအနှီး သက်သာပါတယ်။ အကျိုးရှိတာကတော့ နှစ်ခုစလုံး အကျိုးရှိပါတယ်။ စိုက်ပျိုးရေသာမက သောက်သုံးရေချိုပါ ရတဲ့အတွက် အထူးပင်ကျေးဇူးတင်ပါတယ်။ ရေတံခါးကြီးရှိတာကြောင့် ရေကြီးတာတွေ မရှိ၊ ရေငန်တွေ မဝင်ရောက်နိုင်တော့တဲ့အတွက် သီးနှံများ ဖွံ့ဖြိုးလာတော့မှာဖြစ်လို့ ကျေးဇူးတင်ပါတယ်။ ရေတံခါးကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်မပေးပေမယ့်တာဝန်သိသိ ဝိုင်းဝန်းစောင့်ရှောက်ကြမှာပါဟုပြောကြားသည်။

"ရေတံခါးမရှိခင်က တစ်နှစ်သုံးကြိမ်လောက် ပြန်စိုက်နေခဲ့ရတယ်၊ အခုဆို တစ်ကြိမ်တည်းနဲ့ အောင်မြင်ပါတယ်" ဦးကောင်းမြတ်သိန်း ဦးစီးအရာရှိ၊ တည်ဆောက်ရေး(၆)။

ပထမနှစ်

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကဒပွန်ရေထိန်းတံခါးကို တာဝန်ယူတည်ဆောက်ပေးသော တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးကောင်းမြတ်သိန်းအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးကောင်းမြတ်သိန်းက ကဒပွန်ရေထိန်း တံခါးတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောပြရာတွင် "တည်ဆောက်ရေး(၆)သည် ရေတံခါး တည်ဆောက်ရေးလုပ်ငန်း အများအပြား ဆောင်ရွက်ခဲ့ကြောင်း၊ သထုံဘက်တွင်လည်း တည်ဆောက်ပေးခဲ့ကြောင်း၊ သုံးခွရေထိန်းတံခါးကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ သုံးခွရေတံခါးတည်ဆောက်ပေးရာတွင် ပထမနှစ်မှာ အကျိုးကျေးဇူး သိပ်မသိကြသေးကြောင်း။

ဒုတိယနှစ်

ဒုတိယနှစ်ရောက်မှ ကျေးဇူးရှိသည်ကိုသိ၍ ကျေးဇူးတင်ကြောင်း လာပြောကြကြောင်း၊ အဓိကအချက်က မိုးတွင်းမှာ ဒီနေရာများသည် ရေနက်ကွင်းဖြစ်၍ စပါးစိုက်ရာတွင် ရေတံခါး မရှိသောကြောင့် တစ်နှစ်အတွင်းမှာ ရေလွှမ်းခံရပြီး သုံးကြိမ်စိုက်ကြရကြောင်း၊ မိုးများသောကြောင့် ဒီရေကထောက်၍ ရေမဆင်းဘဲ ရေမြုပ်သောကြောင့် စပါးများ တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် ထပ်စိုက်ကြရကြောင်း။

ယခု ရေတံခါး ဆောက်ပြီး၍ လိုချင်သောရေကို ထိန်းသိမ်းပေးနိုင်ကြောင်း၊ ရေကို ထိန်းလွှတ်ပေးသဖြင့် ရေတော်မိုးတော်ဖြစ်ပြီး တစ်ကြိမ်တည်းနှင့် စိုက်လို့အောင်မြင်ကြောင်း၊ စပါးစိုက်ပျိုးရေးအောင်မြင်သဖြင့် ပဲစိုက်ရာတွင် အချိန်စောစွာ စိုက်နိုင်ကြောင်း၊ ပဲလည်း

"ကျောင်းမနေနိုင်တဲ့ ကျောင်းသားတွေ မရှိတော့ဘဲ ကျောင်းသားအင်အား တိုးလာပါတယ်" ဒေါ်စိုးစိုးအေး၊ မူလတန်းပြဆရာမ ကဒပွန်မူလွန်ကျောင်း။

အောင်မြင်ပါကြောင်း၊ စိုက်ပျိုးစရိတ် တစ်ကြိမ်တည်းနှင့် အောင်မြင်သဖြင့် သက်သာသွားကြောင်း၊ အဲဒီလို အကျိုးရှိတာကို လာပြောကြကြောင်း၊ ပဲစိုက်သောအခါတွင် ရေတံခါးနှင့် ရေချိုသွင်းပေးထားခြင်းကြောင့် ယခင်က နှစ်ကြိမ်ခူးခဲ့ရာမှ ယခု လေးကြိမ်ခူးနိုင်ပြီး သုံးခွမြို့နယ်သည် ပဲစိုက်ပျိုးမှု အထွက်ကောင်းပြီး ဆုရရှိခဲ့ကြောင်း၊ ဒီမှာလည်း အောင်မြင်မှာဖြစ်ပါကြောင်း"ဖြင့်ရှင်းပြသည်။



ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ မဝင်ရောက်နိုင်စေရန် ကဒပွန်ရေထိန်းတံခါးဖြင့် ဤသို့ တားဆီးပေးထားသည်။ (မြန်မာ့အလင်း)

ကဒပွန်ရေထိန်းတံခါးမှာ သံကူကွန်ကရစ်ရေတံခါး အမျိုးအစားဖြစ်ပြီး ၆ပေ×၁၆ပေအရွယ်အစား ၂၇ပေါက်ရှိသည်။ ရေခေါ်မြောင်းမကြီး ပေ၂၀၀၀ နှင့် ရေထုတ်မြောင်းမကြီး ပေ ၁၀၀၀ ရှိသည်။ အကျိုးပြုဧရိယာ ဧက၁၅၀၀၀ အကျိုးပြုနိုင်မည်ဖြစ်သည်။

ကဒပွန် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းကို ပွင့်လင်းရာသီ နှစ်ရာသီဖြင့် အပြီးတည်ဆောက်ခဲ့ပြီး ရေကြီးရေလွှမ်းကွင်းများ အတွင်းရှိ စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် နွေရာသီတွင် နွေစပါးနှင့် အခြားစိုက်ပျိုးသီးနှံများ အတွက် ရေချိုပေးသွင်းနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးသာမက လမ်းပန်းဆက်သွယ်ရေးကဏ္ဍပါ ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်၍နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကဒပွန်ရေထိန်းတံခါး ပိတ်ထားသဖြင့် ပင်လယ်ဆားငန်ရေများနှင့် သဲနုန်းများ မဝင်ရောက်နိုင်တော့ချေ။ (မြန်မာ့အလင်း)

26-4 (07).pmd 1 4/26/2009, 4:12 AM

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကျိုင်းတုံ လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

* ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံလိုအပ်ချက်တစ်ချက်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးဖြစ်ကြောင်း။

တိုးတက်လာ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ဒေသ၏ ကုန်သွယ်ရောင်းဝယ်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန် အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများကိုလည်း ဆက်စပ်တိုးတက်လာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေး၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်၌လည်း နိုင်ငံတော်အစိုးရ၏ အထူးဖွံ့ဖြိုးရေးဒေသများ စီမံကိန်းအရ ကျိုင်းတုံဒေသ၊ တောင်ကြီးဒေသ၊ ပင်လုံဒေသနှင့် လားရှိုးဒေသတို့သည် ခံ့ညားထည်ဝါသော တက္ကသိုလ်များ၊ အဆင့်မြင့်ဆေးရုံကြီးများဖြင့် ဖွံ့ဖြိုးစည်ပင်လာလျက်ရှိသည်မှာ မျက်မြင်ပင်ဖြစ်ကြောင်း။

ဖွံ့ဖြိုးစည်ပင်

ထို့အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းသည့် နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် စုစည်းရောက်ရှိလာပြီး တိုင်းရင်းသား အချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများနှင့်အတူ အမျိုးသားကားလမ်းများနှင့် လေကြောင်းလမ်းများကို တိုးချဲ့အကောင်အထည်ဖော်နေသကဲ့သို့ ကုန်းမြင့်ဒေသတစ်လျှောက်တွင် ရထားလမ်းသစ်များကိုလည်း ခက်ခက်ခဲခဲ ဖောက်လုပ်ပေးနေကြောင်း၊ ရွှေညောင်-ရပ်စောက်ရထားလမ်း၊ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်ရထားလမ်း၊ အောင်ပန်း-လွိုင်ကော် ရထားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ နမ့်စန်ကိုရောက်နေသည့် ရထားလမ်းကိုလည်း ကျိုင်းတုံအထိ ရောက်ရှိအောင် စတင်ဖောက်လုပ်နေပြီ ဖြစ်ကြောင်း၊ စီးပွားရေးအကျိုးအမြတ်ရရှိရန် မလွယ်ကူသော်လည်း မိမိတို့တိုင်းရင်းသားညီအစ်ကိုများ၏ ဆက်သွယ်သွားလာမှု လွယ်ကူစေရေးနှင့် လူနေမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

အထူးသဖြင့် ကျိုင်းတုံဒေသသည် လက်နက်ကိုင် သောင်းကျန်းမှုအန္တရာယ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ကြောင့် နှစ်ကာလရှည်ကြာစွာ ငြိမ်းချမ်းမှု၊ လုံခြုံမှုကင်းမဲ့ခဲ့သောဒေသ ဖြစ်ခဲ့သည့်အတွက် ကျိုင်းတုံဒေသဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ၏ ထွက်ပေါက်အဖြစ် တောင်ကြီး-နမ့်စန်-ကျိုင်းတုံ ကားလမ်းအပြင် ရထားလမ်းကြောင်းသစ်အဖြစ် ထပ်မံဖော်ထုတ်နေသကဲ့သို့ ယခုကျိုင်းတုံလေဆိပ်၏ လေယာဉ်ပြေးလမ်းကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုပိုမိုခိုင်မာလာပြီး ကားလမ်း၊ ရထားလမ်းများနှင့် လေကြောင်းလိုင်းများလည်း ပို၍ပို၍ ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ကြောင်း။

ယခု တည်ဆောက် ပြီးစီးနေပြီဖြစ်သည့် ကျိုင်းတုံလေဆိပ်ကိုပါ အခြေခံပြီး ပိုမိုဖွံ့ဖြိုး တိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်သွားစေလိုကြောင်း။

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို ရယူခဲ့ချိန်မှစ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်နိုင်မှသာ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာမည်ဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းအောင် အပြန်အလှန် စာနာမှု၊ အပြန်အလှန် ကြည်ဖြူခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု စသည့် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသား ပြည်သူများ၏ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူတကွ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုဆိုလျှင် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့် ပြီးစီးအောင်မြင်ကာ ပဉ္စမအဆင့်ကို ကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်နေပြီ ပြန်လည်စည်းလုံး ညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ပြီ ဖြစ်ကြောင်း၊ ယခင်က သေနတ်သံ၊ ဗုံးသံများဖြင့် ယမ်းငွေ့လွှမ်းနေသည့် နယ်စပ်ဒေသများသည် ယခုဆိုလျှင် ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်း၏ အကျိုးသက်ရောက်မှုတို့ကြောင့် ပြည်ထောင်စုကြီး၏ အတွင်းပိုင်းဒေသများနှင့်မခြား ဖွံ့ဖြိုးစည်ပင်လာနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ထူးခြားအောင်မြင်နေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာစေရန် ထိထိရောက်ရောက် အထောက်အကူပြုနေသည်မှာ နိုင်ငံတော် တစ်ဝန်းလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသော လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ အပါအဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ၏ တိုးတက်ဖြစ်ထွန်းမှုများကြောင့်ပင်ဖြစ်ကြောင်း၊ **လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်က လေယာဉ်ကွင်း၂၁ကွင်းသာရှိခဲ့ရာမှ ယခုအခါ လေယာဉ်ကွင်း ၃၂ ကွင်းအထိ တိုးတက်ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သကဲ့သို့ ယခင်က ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ် ဆင်းသက်နိုင်သော လေယာဉ်ကွင်း ခုနစ်ကွင်းသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ကွင်းအထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်ကို** တွေ့ရှိရမည်ဖြစ်ကြောင်း။

ဘက်စုံဖြည့်ဆည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင် ကုန်းမြင့်ဒေသဖြစ်သော ရှမ်းပြည်နယ်၌ အဓိကအားထားရသည့် မော်တော်

လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်က လေယာဉ်ကွင်း ၂၁ ကွင်း သာရှိခဲ့ရာမှ ယခုအခါ လေယာဉ်ကွင်း ၃၂ ကွင်းအထိ တိုးတက် ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သကဲ့သို့ ယခင်က ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ် ဆင်းသက်နိုင်သော လေယာဉ်ကွင်းခုနစ်ကွင်း သာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ ကွင်းအထိ တိုးတက်လာခဲ့ပြီဖြစ်။

ဖြစ်ကြောင်း၊ ဆက်လက်ဖော်ဆောင်မည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်များ အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းကြောင်း အစဉ်အလာတို့မှ ပေါက်ဖွားလာသည့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို အခြေခံပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ယခုရရှိထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် လက်တွဲလျှောက်လှမ်းသွားကြပါရန်နှင့် နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည့် ကျိုင်းတုံ လေဆိပ်အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများသည် ကိုယ့်ခွန် ကိုယ့်အားဖြင့် ရင်းနှီးတည်ဆောက်ထားသော ကျိုင်းတုံဒေသ၏ အခြေခံ အုတ်မြစ်ကောင်းများ ဖြစ်သည့်အတွက် ဂုဏ်ယူတန်ဖိုးထားပြီး ထိန်းသိမ်း စောင့်ရှောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တိုးတက်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးက ရှင်းလင်းတင်ပြရာ၌ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည် ဖော်ရာတွင် ခိုင်မာသည့် စီးပွားရေးအခြေခံ အဆောက်အအုံတည်ဆောက်မှု အတွက် မရှိမဖြစ်လိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ကြိုးပမ်း ဆောင်ရွက်ကြရာ၌ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ သင်္ဘောကြီးများ၊ သင်္ဘောဆိပ်ကြီးများနှင့်လေယာဉ်ကွင်းကြီး များကို အသစ်တည်ဆောက်ပေးခြင်း၊ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့တည်ဆောက်

ဒေသအတွင်းနေ တိုင်းရင်းသားပြည်သူများအနေဖြင့် မော်တော်ကားလမ်း သာမက မြို့တော်ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ ကြီးများသို့ အချိန်တိုအတွင်း သွားလာနိုင်ရန် ရည်ရွယ်၍ ဒေသအတွင်းရှိ လေယာဉ်ကွင်းများကို တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း။

ကျိုင်းတုံလေယာဉ်ပြေးလမ်းဆိုလျှင် ယခင်က အရှည်ပေ ၄၇၀၀၊ အကျယ် ပေ ၇၀၊ ၁၂လက်မအထူသာရှိသဖြင့် လူဦးရေအများဆုံး ၄၄ဦးသာစီးနိုင်သော အက်ဖ်-၂၇ ဖော်ကာလေယာဉ်ငယ်များသာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ ယနေ့ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀၊ ၁၈လက်မအထူ ကျောက်ကတ္တရာ အဆင့်ထိ တိုးချဲ့ဆောင်ရွက်ပြီးစီးသည့်အခါ လူဦးရေ ၈၅ဦးအထိ စီးနိုင်သော

ဖဲကြိုးဖြတ်
ဖွင့်လှစ်ပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဖြိုးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကျိုင်းတုံ လေဆိပ် လေယာဉ်ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ပိုမိုလျင်မြန်သည့် အက်ဖ်-၂၈ ဂျက်လေယာဉ်ကြီးများပါ ဆင်းသက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ခံနိုင်ရည်အားဖြင့် ပေါင်ချိန် ၁၃၄၄၀၀ ရှိသည့် Y.8 လေယာဉ် ကြီးများအဆင့်အထိ ဆင်းသက်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ပါ ကြောင်း၊ လေယာဉ်ရပ်နားရန်နေရာကိုလည်း အလျားပေ၆၀၀၊ အနံပေ ၁၆၀၊ ၁၈လက်မအထူ ကွန်ကရစ်ဖြင့် အသစ်တည်ဆောက်ပေးပြီးလည်း ဖြစ်ပါ ကြောင်း။

ပိုမိုအားကောင်း

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ဖန်တီးပေးနေသော အခြေအနေများကို အပြည့်အဝ အသုံးပြု၍ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်ဖြင့် အားကြိုးမာန်တက် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း အလုပ်လုပ်ကိုင်သွားပါက ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရှင်းလင်းတင်ပြရာတွင် ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ အဓိက ကျသော မြို့ဖြစ်သည့်အပြင် မြန်မာပြည်၏ အရှေ့ဒေသရှိ အချက်အချာ ကျသော လေဆိပ်မြို့တစ်မြို့ဖြစ်၍ နိုင်ငံတော်အစိုးရက ကျိုင်းတုံလေဆိပ်ကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ဆင်းတက်အသုံးပြု

ကျိုင်းတုံ မူလလေယာဉ်ပြေးလမ်း အလျားပေ ၄၇၀၀၊ အကျယ်ပေ၅၀ရှိ ကျောက်ခင်းလေယာဉ်ပြေးလမ်းကို ကျောက်ကတ္တရာခင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခဲ့ပြီး ၁၉၇၈ခုနှစ်တွင် လေယာဉ်ပြေးလမ်းအား အကျယ်ပေ၇၀ အထိတိုးချဲ့ကာ ဖော်ကာအက်ဖ်-၂၇ လေယာဉ်များ ဆင်းတက်အသုံးပြုခဲ့ကြောင်း။

ဆက်လက်၍ ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ အရှေ့ဘက်ခြမ်းတွင် ပေ ၆၀၀၀× ၇၅ပေ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးခဲ့ကြောင်း။

ဖော်ကာအက်ဖ်-၂၈ လေယာဉ်များ ဆင်းတက်အသုံးပြုနိုင်ရေးအတွက် ၂၀၀၁ခုနှစ်မှစ၍ လေယာဉ်ပြေးလမ်း တစ်ဖက်တစ်ချက် တောင်ပံဖြင့် မလွတ်ကင်းသော တောင်ဖြိုခြင်းလုပ်ငန်းနှင့် ပြေးလမ်းအရှေ့တောင်ဘက်သို့ ပေ ၁၅၀၀× ၇၅ပေ တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သဖြင့် စုစုပေါင်း ပြေးလမ်း အလျားမှာ ပေ၇၅၀၀၊ အကျယ်၇၅ပေအထိ ရရှိခဲ့ကြောင်း။

စတင်ဆောင်ရွက်

လေယာဉ်ပြေးလမ်း ပေ၈၀၀၀×၁၅၀ ရရှိသည်အထိ တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၀၂ခုနှစ် မေ ၈ရက်တွင် စတင် ဆောင်ရွက်ခဲ့ရာ မူလလေယာဉ်ပြေးလမ်း ပေ ၇၅၀၀×၇၅ပေအား ပြေးလမ်းအရှေ့ဘက်ခြမ်း ပေ၈၀၀၀×၇၅ပေ ရရှိသည်အထိ တိုးချဲ့ခြင်းနှင့် အနောက်ဘက်ခြမ်း ပေ၁၃၀၀×၇၅ပေတို့အား ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကိုပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်တွင် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီက တာဝန် ယူ၍ ပြေးလမ်းအနောက်ဘက်ခြမ်း ပေ ၁၅၅၀×၇၅ ပေ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း။

ဆက်လက်ပြီး ၂၀၀၆ ခုနှစ် မတ် ၂၆ရက်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြေးလမ်းအနောက်ဘက်ခြမ်း ပေ၈၀၀၀×၇၅ပေတစ်ခုလုံးရရှိအောင် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းပြန်လည်လုပ်ဆောင်ခဲ့ရာယခင်ကအက်ဖ်-၂၇ လေယာဉ်သာ ဆင်းသက်နိုင်ခဲ့ပြီး ယခုဆိုလျှင် ဗိုင်-၈ ကုန်တင်လေယာဉ် အမျိုးအစားအထိ ဆင်းသက်နိုင်သော ကျိုင်းတုံလေယာဉ်ပြေးလမ်းကြီးကို ယခုမြင်တွေ့ရသည့်အတိုင်း ပေ ၈၀၀၀×၁၅၀ ရရှိသည်အထိ ဆောင်ရွက်နိုင် ခဲ့ပြီဖြစ်ကြောင်း၊ ယင်းအပြင် ပြေးလမ်းနှင့် တစ်ဆက်တည်း လေယာဉ်ရပ်နားရန်နေရာကို ၁၈လက်မထု ကွန်ကရစ် ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ယခုကဲ့သို့ ခေတ်မီလေယာဉ်ကွင်းကြီး ပီပြင်စွာ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း။

အထောက်အကူ

ယခုကဲ့သို့ ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရန် နေရာတို့အား တိုးချဲ့တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ဤဒေသရှိ အခြားလေယာဉ်ပြေးလမ်းများဖြစ်သော ဟဲဟိုးလေယာဉ်ပြေးလမ်းကိုလည်း မူလ အလျားပေ၆၀၀၀၊ အကျယ်ပေ ၅၀ ကျောက်ကတ္တရာ အမျိုးအစားမှ အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ နိုင်လွန် ကတ္တရာ အမျိုးအစားရရှိသည်အထိ တိုးချဲ့ခဲ့ရာ ယခင်က အက်ဖ်-၂၇ လေယာဉ်သာ ဆင်းသက်နိုင်ခဲ့ပြီး ယခုဆိုလျှင် ဘိုးရင်း ၇၃၇-၄၀၀ လေယာဉ်အမျိုးအစားထိ ဆင်းသက်နိုင်သော လေယာဉ်ပြေးလမ်းအဖြစ်လည်းကောင်း၊ တာချီလိတ် လေယာဉ်ပြေးလမ်းကိုလည်း မူလ အလျားပေ ၄၇၅၀၊ အကျယ်ပေ ၁၀၀ ကျောက်ကတ္တရာ အမျိုးအစားမှ အလျား ပေ၇၀၅၀၊ အကျယ်ပေ ၁၀၀ နိုင်လွန်ကတ္တရာအမျိုးအစားရရှိသည်အထိ တိုးချဲ့ခဲ့ရာ ယခင်က အက်ဖ်-၂၇ လေယာဉ်သာ ဆင်းသက်နိုင်ခဲ့ပြီး ယခုဆိုလျှင် အက်ဖ်-၂၈လေယာဉ်အမျိုးအစားအထိ ဆင်းသက်နိုင်သော လေယာဉ်ပြေးလမ်း အဖြစ်လည်းကောင်း၊မိုင်းဆတ်လေယာဉ် ပြေးလမ်းကိုလည်း အက်ဖ်-၂၇ လေယာဉ်များ ရာသီမရွေးဆင်းသက်နိုင်ရေး အတွက် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းအားဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသခံပြည်သူများ၏ လူနေမှု အဆင့်မြင့်မားရေးကိုပါ အထောက်အကူ ဖြစ်လာစေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအပေါ် စေတနာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထားရှိမှုကြောင့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရန် နေရာတိုးချဲ့ တည်ဆောက်ခြင်းကို ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ အခြားလေဆိပ်များ ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ကျိုင်းတုံမြို့မှ ဦးစိုင်းလျိုးက ကျိုင်းတုံ လေယာဉ်ပြေးလမ်း ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေး လမ်း ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ကျိုင်းတုံလေဆိပ်လေယာဉ် ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လေယာဉ် ပြေးလမ်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်ဝန်ကြီးများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာ တိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံ တိုင်းရင်း သားများနှင့်အတူ လေယာဉ်ပြေးလမ်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုးချဲ့တည်ဆောက်ပြီးဖြစ်သည့် လေယာဉ်ပြေးလမ်းကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်း ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျိုင်းတုံလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် လေယာဉ် များ ဆင်းသက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည် များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကျိုင်းတုံလေဆိပ်၏ မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၄၇၀၀၊ အကျယ် ပေ ၇၀နှင့် ထု ၁၂လက်မရှိ ကျောက်ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး လေယာဉ်ပြေးလမ်းတိုသဖြင့် ဖော်ကာအက်ဖ်-၂၇ လေယာဉ်များသာ ဆင်းသက် နိုင်ခဲ့သည်။

ယင်းလေယာဉ်ပြေးလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းက Y.8 လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် လေယာဉ် ပြေးလမ်းပုံစံ ထုတ်လုပ်၍ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀ရှိ ပြေးလမ်းကို တိုးချဲ့တည်ဆောက်ခဲ့သည်။

အလားတူ အလျားပေ ၆၀၀၊ အနံပေ ၁၆၀နှင့် ထု ၁၈လက်မရှိ ကွန်ကရစ် လေယာဉ်ရပ်နားရန် နေရာကိုလည်း တည်ဆောက်ခဲ့သည်။

ပိုမိုလွယ်ကူလျင်မြန်

လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပြီးစီးသည့်အတွက် ယခုအခါ ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်များ၊ Y.8 လေယာဉ်ကြီးများ ဆင်းသက် နိုင်ပြီဖြစ်သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ လျင်မြန်ရေးကို အထောက်အကူပြုနိုင်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

အဝလွန်ရောဂါ ကာကွယ်ပါ

ပန်းတောင်းသန်းကြွယ်

ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်း၏ ဟူသော ဆောင်ပုဒ်ဆိုရိုးကဲ့သို့ပင် အဝလွန်ရောဂါကို ကြိုတင်ကာကွယ်နိုင်လျှင် အကောင်းဆုံးပင် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် အဝလွန်ရောဂါသမားများကို အတော်များများ တွေ့လာရသည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်တွင် ရှိသင့်သော အလေးချိန်ထက် ပိုနေခြင်းကို အဝလွန်သည်ဟု ယေဘုယျသတ်မှတ်နိုင်သည်။ "မတွေ့တာကြာပြီ၊ ဝလို့ လှလို့ပါလား" ဟု မိတ်ဆွေအချင်းချင်း နှုတ်ဆက် ပဋိသန္ဓာရ ပြုလေ့ရှိသော်လည်း အဝလွန်ခြင်းကား မကောင်းပါ။ ***အဝလွန်ခြင်းကြောင့် ကိုယ်လက်လေးလံခြင်း၊ မကြာခဏ ဆာလောင်မွတ်သိပ်ခြင်း၊ ငိုက်မျဉ်းခြင်းစသော ရောဂါလက္ခဏာများကို ခံစားရသည့်အပြင် နောက်ဆက်တွဲရောဂါများဖြစ်သော နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ စသော ရောဂါမျိုးစုံကိုလည်း ခံစားရတတ်သဖြင့် အဝမလွန်အောင် ကြိုတင် ကာကွယ်သင့်ကြသည်။***

ယခုအခါ အဝလွန်ခြင်းကို ရောဂါတစ်မျိုးဟု သတ်မှတ်လာကြသည်။ ဝဖြိုးမှုကိုခန့်မှန်းရာတွင် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာကြည့်ခြင်းမှာ အလွယ်ကူဆုံးနည်းဖြစ်သည်။ အရပ်အမောင်းချင်းတူလျှင် ကိုယ်အလေးချိန်နည်းသူက ပိန်ပြီး ကိုယ်အလေးချိန်များသူက ဝသည်။ ကိုယ်အလေးချိန် များလာခြင်းသည် ဝဖြိုးလာခြင်းပင်ဖြစ်ရာ မိမိအရပ်အမောင်းအလိုက် ရှိသင့်သည်ထက် ပိုမသွားအောင် ထိန်းထားရန်လိုအပ်သည်။

သာမန်အားဖြင့် လူတစ်ယောက်သည် အသက် ၂၀မှ ၄၀အတွင်း၌ စတင်ပြီး ကိုယ်အလေးချိန် စတက်လာတတ်သည်။ ခန္ဓာကိုယ်အလေးချိန်တက်လာပြီးနောက် ပြန်လည်လျှော့ချရန် ခက်ခဲလှသည်။ ခန္ဓာကိုယ်အလေးချိန် အလွန်အကျွံ တက်လာခြင်းကို အဝလွန်ခြင်း(Obesity)ဟု ခေါ်သည်။

ထမင်းကို တနင့်တပိုးစားခြင်း၊ သရေစာတစွတ်စွတ်စားခြင်း၊ ပြည့်ဝဆီများစားသုံးခြင်း၊ အချိုလွန်သော အစားအသောက်များစားသုံးခြင်း၊ အရက်သေစာ သောက်သုံးခြင်း၊ အာဟာရမျှအောင် မစားသုံးတတ်ခြင်း၊ မျိုးရိုးဗီဇလိုက်ခြင်းတို့ကြောင့် အဝလွန်တတ်ကြသည်။

အဝလွန်ခြင်း၏ နောက်ဆက်တွဲပြဿနာများအနေဖြင့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ခြင်း၊ အဆီများခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သည်းခြေကျောက်တည်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ ကင်ဆာရောဂါမျိုးစုံ(အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ)နှင့် အသက်ရှူလမ်းကြောင်းကျဉ်း၍ အိပ်ငိုက်ခြင်းစသည့် ရောဂါများကို ခံစားရတတ်သည်။

အဝလွန်ခြင်းကြောင့် ရောဂါပိုမိုထူပြောပြီး သေဆုံးမှုနှုန်းပိုများကြောင်း သုတေသနတစ်ခုက ဖော်ပြထားသည်။ အထူးသဖြင့် အသက် ၃၀ကျော်လွန်ပြီးသောသူများတွင် သာမန်ရှိသင့်သည့် ကိုယ်အလေးချိန်ထက် ဝ ဒသမ ၅ ကီလိုဂရမ် ပိုများနေသူများသည် သေဆုံးမှုနှုန်း တစ်ရာခိုင်နှုန်း ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိထားသည်။

အဝလွန်သူတစ်ဦးသည် ကိုယ်အလေးချိန်ကို လျှော့ချနိုင်သည်နှင့်အမျှ အဝလွန်ခြင်း၏ နောက်ဆက်တွဲရောဂါပြဿနာများကို လျော့နည်း ကျဆင်းသွားစေနိုင်သည်။ ၁ဝကီလိုဂရမ်လျှော့ချနိုင်ပါက ဆီးချိုကြောင့် သေဆုံးမှု ၃၀ရာခိုင်နှုန်းလျော့ကျစေပြီး ဆီးချိုရှိသူဖြစ်ပါက သွေးတွင်းရှိ သကြားဓာတ် ၅၀ရာခိုင်နှုန်းကို လျော့ကျစေနိုင်သည်။ အဝလွန်ခြင်းကြောင့်ဖြစ်သော ကင်ဆာကြောင့် သေဆုံးမှု၏ ၄၀ရာခိုင်နှုန်းကို လျော့ကျစေသည်။ သွေးတိုးရှိသူ တစ်ဦးအနေဖြင့် သွေးပေါင်ချိန် ၂၀မီလီမီတာ မာကျူရီ လျော့ကျစေသည်။ သွေးပေါင်ကျဆေးတစ်မျိုးသောက်သည့် အာနိသင်ကဲ့သို့ အကျိုးခံစားရသည်။ ခန္ဓာကိုယ်ရှိ ကိုလက်စထရော အဆီဓာတ် ၁၀ရာခိုင်နှုန်းထိ လျော့ကျစေသည်။

ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုသူ တစ်ဦးသည် ဦးစွာနေထိုင်မှုပုံစံကို ပြုပြင်ရန် လိုအပ်သည်။ ဆေးလိပ်ဖြတ်ခြင်း၊ အရက်ဖြတ်ခြင်းတို့ကို မလွဲမသွေ ပြုလုပ်ရသည်။ ဆေးလိပ်ဖြတ်ခြင်းကြောင့် ခံတွင်းကောင်းလာပြီး အလေးချိန် အနည်းငယ်တိုးလာနိုင်သော်လည်း ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိလာမည့် ကျန်းမာရေး အကျိုးကျေးဇူးများလှသဖြင့် ဆေးလိပ်ကို ဖြတ်ရခြင်းဖြစ်သည်။ ခံတွင်းကောင်း၍ တိုးလာမည့် အလေးချိန်ကိုလည်း အစားအသောက် နည်းလမ်းဖြင့် ပြန်လည်ထိန်းသိမ်းနိုင်သည်။

လူတစ်ဦး၏ တစ်နေ့တာ လှုပ်ရှားမှု၊ အသက်အရွယ်၊ ကျား-မ လိင်ကွဲပြားမှု စသည်တို့ကိုမူတည်၍ ခန္ဓာကိုယ်၏ စွမ်းအင်(ကယ်လိုရီ)လိုအပ်မှု ကွာခြားသည်။ အကြမ်းဖျင်းအားဖြင့် လူတစ်ဦးအတွက် တစ်နေ့တာ ကယ်လိုရီ လိုအပ်ချက်မှာ ၁၅၀၀မှ ၂၅၀၀အတွင်းဖြစ်ရာ ပျမ်းမျှ အမှန်တကယ်လိုအပ်သည့်ကယ်လိုရီထက် တစ်နေ့လျှင် ၆၀၀ ကယ်လိုရီ လျှော့၍စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချနိုင်သည်။

ကယ်လိုရီများသော အစားအသောက်များကို ရှောင်ကြဉ်ခြင်း၊ ဥပမာ- အဆီများသော အစားအစာများ၊ ကစီဓာတ်များသော အစားအစာများ၊ အချိုဓာတ်များသော အစားအစာများကို ရှောင်ကြဉ်ရန်ဖြစ်သည်။ နေ့စဉ် အစားအသောက်စားချိန် နေ့လယ်စာနှင့် ညစာမစားမီ ရေတစ်ခွက်ကို သောက်ခြင်းဖြင့် အစားအစာလျှော့စားရာ ရောက်စေသည်။ သို့မဟုတ် ဟင်းချိုတစ်ပန်းကန်ကို အစာမစားမီ ကြိုတင်သောက်ထားနိုင်သည်။

အခြား အရေးကြီးသောအချက်မှာ ကိုယ်လက်လှုပ်ရှားမှုမှန်မှန်ပြုလုပ်ပေးရန်ဖြစ်သည်။ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုကို မှန်မှန်ပြုလုပ်ရမည်။ အပြင်းအထန် ပြုလုပ်ရန်မလိုအပ်ဘဲ မိမိနှင့်သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုကို ရွေးချယ်ပြုလုပ်ရန် ဖြစ်သည်။ နေ့စဉ်နာရီဝက်ခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်း၊ ရှူရှူပြေးခြင်း(Jogging) မှာ အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှု ဖြစ်သည်။ ထိရောက်မှုရှိစေရန် တစ်ပတ်လျှင် အနည်းဆုံး ငါးရက်ခန့် ပြုလုပ်ရမည်။ ခန္ဓာကိုယ်၏ သွေးလည်ပတ်မှု မှန်ကန်ခြင်း၊ အဆီများ ကျဆင်းခြင်းနှင့်အတူ အဝလွန်ခြင်းကြောင့်ဖြစ်သော ရောဂါများကိုပါ ကာကွယ်ရာ ရောက်သဖြင့် ကိုယ်လက်လှုပ်ရှားမှုကို မပျက်မကွက် ပြုလုပ်ရန် လိုအပ်သည်။

အဝလွန်ခြင်းနှင့် အဝလွန်ရောဂါများ မခံစားရအောင် ကျန်းမာရေးကို ထိခိုက်စေသော အနေအထိုင် အပြုအမူများကို ရှောင်ပါ၊ အာဟာရ မျှတအောင်စားပါ။ အလွန်အကျွံမစားသုံးပါနှင့်။ အဆီဓာတ်၊ အချိုဓာတ်၊ အငန်ဓာတ်များ၊ ကယ်လိုရီဓာတ်များကို လျှော့စားပါ။ အစားမစားမီရေ သို့မဟုတ် ဟင်းချိုကို အရင်သောက်ပါ။ ကိုယ်နှင့် လိုက်ဖက်သော ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို နေ့စဉ် မှန်မှန်ပြုလုပ်ပါဟု ရေးသားတိုက်တွန်းလိုက်ရပေသည်။ ။

အဝလွန်ခြင်းကြောင့် ကိုယ်လက်လေးလံခြင်း၊ မကြာခဏ ဆာလောင်မွတ်သိပ်ခြင်း၊ ငိုက်မျဉ်းခြင်းစသော ရောဂါလက္ခဏာများကို ခံစားရသည့်အပြင် နောက်ဆက်တွဲရောဂါများဖြစ်သော နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ စသော ရောဂါမျိုးစုံကိုလည်း ခံစားရတတ်သဖြင့် အဝမလွန်အောင် ကြိုတင်ကာကွယ်သင့်။

စာမျက်နှာ ၃ မှ

တီထွင်ဆန်းသစ်

ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)နှင့် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)တို့မှ ဆရာ ဆရာမများအား တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် မျှော်မှန်း တည်ဆောက်လျက်ရှိရာတွင် ပညာအရည်အသွေး ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မိမိတို့ နိုင်ငံတွင် သဘာဝအရင်းအမြစ် သယံဇာတများ ပေါများစွာရှိပြီးဖြစ်၍ အဆိုပါ သယံဇာတများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်နှင့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရန်အတွက် နည်းပညာ၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ ယနေ့ကမ္ဘာကြီးသည် အချိန်နှင့်အမျှ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် IT နည်းပညာရပ်များကို လေ့လာနိုင်ရန်လည်း ဖန်တီးဖော်ဆောင်ပေးထားပြီး ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေး သင်ကြားပေးရန်၊ တပည့်များကို ထူးချွန်ထက်မြက်သူများ ဖြစ်စေရေး သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများကိုယ်တိုင် မိမိတို့ သင်ကြားသော ဘာသာရပ်များ အလိုက် ကျွမ်းကျင်တတ်မြောက်နေစေရေး စဉ်ဆက်မပြတ် လေ့လာရန်၊ မိမိတို့၏ တပည့်များကို အတတ်ပညာကျွမ်းကျင်ရေး သင်ကြားပေးရုံသာမက စည်းကမ်းရှိသူများ၊ တရားဥပဒေ လေးစားလိုက်နာသူများ၊ အကျင့်စာရိတ္တကောင်းသူများ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ထက်မြက်သူများ ဖြစ်စေရေး လေ့ကျင့်ပညာပေးရန်၊ မိမိတို့ဒေသများ၏ လူမှုစီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများအတွက် တီထွင်ဆန်းသစ်မှုများကို အမြဲမပြတ် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့နယ် ဝမ်မိုင်ကျေးရွာအနီးရှိ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်ငြိမ်းအေး တန်ဖိုးနည်းအိမ်ရာစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်ထွေးက အိမ်ရာဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဖြိုးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး တန်ဖိုးနည်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

စိတ်အေးချမ်းစွာ

အဆိုပါစီမံကိန်းသည် ကျိုင်းတုံမြို့၌ အခြေချနေထိုင်မည့် အငြိမ်းစားဝန်ထမ်းများ စိတ်အေးချမ်းစွာဖြင့် နေထိုင်နိုင်ရန် အကျယ် ၂၄ပေ×၁၆ပေရှိ ကွန်ကရစ်ခင်း၊ အုတ်နံရံ၊ သွပ်မိုးအိမ်ရာများကို ဆောက်လုပ်ပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လယ်ယာမြေများကိုပါ စီစဉ်ပေးထားသည်။

ဈေးနှင့်ပန်းခြံ

ယင်းတန်ဖိုးနည်း အိမ်ရာစီမံကိန်းတွင် အခြေခံပညာမူလတန်းကျောင်း အားကစားကွင်း၊ ဈေးနှင့် ပန်းခြံတို့ကိုပါ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

(သတင်းစဉ်)

မီး
အစဉ်သတိပြု

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

မန်ယူတို့ အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ဂိုးမိုးရွာ ညှို့သည်စပါးတို့ အစကောင်းသော်လည်း အနှောင်းမသေချာ

အားကစားသတင်းမြင်ကွင်း-ချစ်စိုးနိုင်
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၂၅

ပရီမီယာလိဂ် ပွဲစဉ်(၃၄)အဖြစ် ဧပြီ ၂၅ရက် ညပိုင်းက အိုးထရက်ဖို့ဒ်၌ မန်ယူနှင့်စပါးတို့ ရင်ဆိုင်တွေ့ခဲ့ကြရာ မန်ယူက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အဝေးကွင်း၌ လီဗာပူးတို့ ဟူးလ်စီးတီးအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အိမ်ရှင်မန်ယူတို့ ဂိုးတွင် ဗန်ဒါဆာ၊ နောက်တန်းခံစစ်တွင် ဖာဒီနန်၊ဗီဒစ်၊အီဗရာ၊ ရာဖေးလ်၊ ကွင်းလယ်တွင် စီရိုနယ်ဒို၊ဖလက်ချာ၊ ကာရစ်၊ နာနီတို့ကို ပွဲထုတ်ခဲ့ပြီး တိုက်စစ်တွင် ရွန်နေနှင့် ဘာဘာတော့ဗ်တို့ တင်ကစားစေခဲ့သည်။

ညှို့သည် စပါးတို့သည်လည်း အဓိက ကစားသမားများဖြစ်သည့် ရော်ဘီကိန်း၊ မိုဒရစ်၊ ဒါရင်ဘင့်၊ လီနွန်၊ ဝုဒ်ဂိတ်၊ ဂျာမိန်းဂျီးနပ်စ်နှင့် ကင်းတို့ လူစုံနီးပါး ပွဲထွက်ခဲ့သည်။

ဂိုးမဝင်

ပွဲစစချင်း မန်ယူတို့ တိုက်စစ်အား ကောင်းကောင်းဖြင့် စပါးအသင်းဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၉မိနစ်တွင် ရွန်နေ ခေါင်းတိုက်သွင်းသော်လည်း လွဲချော်သွားခဲ့သည်။ ပွဲချိန် ၁၀မိနစ်တွင် ရွန်နေ ဂိုးသွင်းခွင့်ရသော်လည်း ဂိုးမဝင်ချေ။ ပွဲချိန်မိနစ်၂၀တွင် စီရိုနယ်ဒို ကန်သော ပြစ်ဒဏ်ဘောမှာ လူထိ၍ ပျက်သွားခဲ့သည်။ ပွဲချိန် ၂၄ မိနစ်တွင် စီရိုနယ်ဒို ခေါင်းတိုက်သွင်းယူခဲ့သော်လည်း စပါးဂိုး၏ ဘယ်ဘက်မှ လွှဲထွက် သွားခဲ့သည်။ ပွဲချိန် ၂၆ မိနစ်တွင် ရွန်နေကန်သွင်းသော ဘောလုံးကို စပါးဂိုးသမား ဖမ်းမိသွားခဲ့သည်။ ပွဲချိန် ၂၇မိနစ်တွင် နာနီဖန်တီးပေးသော ဘောလုံးကို ဖလက်ချာ သွင်းယူခဲ့သော်လည်း ဂိုးသမား မိသွားခဲ့သည်။

ထို့နောက်တွင် စပါးတို့ အချိတ်အဆက်မိမိဖြင့် မန်ယူဘက်သို့ ထိုးဖောက်ကစားရာ ပွဲချိန် ၂၉မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဒါရင်ဘင့်က ဦးဆောင်ဂိုး သွင်းယူခဲ့သည်။

မန်ယူအတွက် ဖွင့်ဆော်ဦးဂိုးကို ဒိုလေးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့စဉ်။

စပါးတို့ မန်ယူဘက်သို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၃၂မိနစ်တွင် စပါးတိုက်စစ်မှူး လူကာမိုဒရစ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်း ပွဲပြီးချိန်အထိ စပါးတို့ နှစ်ဂိုးအသာရနေသည်။

ဒုတိယပိုင်း ပွဲစချိန်တွင် မန်ယူအသင်းက နာနီအစား တီဗက်ဇ်ကို လူစားလဲကစားကာ မန်ယူတို့တိုက်စစ်အရှိန်မြင့်လာခဲ့သည်။ ပွဲချိန် ၅၆ မိနစ်တွင် ကာရစ်ကို ဂိုးဧရိယာအတွင်း စပါးဂိုးသမားလဲ့ချသဖြင့်ရသော ပယ်နယ်တီကို စီရိုနယ်ဒိုကန်သွင်းရာ ဂိုးဝင်သွားခဲ့သဖြင့် မန်ယူတို့ ချေပဂိုးစတင်ရရှိခဲ့သည်။ ပွဲချိန်၆၁မိနစ်တွင် ဖလက်ချာအစား ပေါလ်စခိုးလူစားလဲခဲ့သည်။ မန်ယူတို့ တိုက်စစ်အရှိန်မြှင့်ခဲ့ရာ ပွဲချိန်၆၆မိနစ်တွင် ရွန်နေကတစ်ဂိုး၊ ၆၇မိနစ်တွင် စီရိုနယ်ဒိုက ခေါင်းတိုက်၍ တစ်ဂိုးသွင်းယူခဲ့ပြီး ဝတ်စုံချွတ် အောင်ပွဲခံခဲ့၍ စီရိုနယ်ဒို အဝါကတ်ပြခံခဲ့ရသည်။

စပါးတို့လည်း အနိုင်မှ အရှုံးဖြစ်ခဲ့သဖြင့် ဖြုန်းခနဲ ဝမ်းသာ၊ ဗျာခနဲဝမ်းနည်းဖြစ်ခဲ့ရသည်။ ပွဲချိန် ၇၁မိနစ်တွင် ဒိုလေးဖန်တီးပေးသော ဘောလုံးမှတစ်ဆင့် ရွန်နေက စတုတ္ထဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၇၈မိနစ်တွင် ဘာဘာတော့ဗ်က ပဉ္စမဂိုးနှင့် ပွဲသိမ်းဂိုး သွင်းယူခဲ့သည်။ ပွဲအပြီးတွင် အိမ်ရှင်မန်ယူတို့ စပါးအား ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ မျက်နှာပန်းလှခဲ့ပါကြောင်း။

လီဗာပူးမှ တိုက်စစ်မှူး ဒရက်ကွတ် ဟူးလ်စီးတီးအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးစားစဉ်။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၁ - ၁	အက်စ်တွန်ဗီလာ
အဲဗာတန်	၁ - ၂	မန်စီးတီး
ဖူလ်ဟမ်	၁ - ၀	စတုတ်စီးတီး
ဝက်စ်ဘရွန်း	၃ - ၀	ဆန်းဒါးလန်း
ဝက်စ်ဟမ်း	၀ - ၁	ချယ်လ်ဆီး

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးညှင်း၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၁၃၇၁ခုနှစ် နှစ်ဆန်းတစ်ရက်က သက်ကြီးပူဇော်ပွဲကို မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများက အသက် ၈၀နှင့် အထက် ဘိုးဘွားများအား အလှူငွေပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ (၀၀၂)

ဖန်းမော်စည်ပင် ရေပေးရေးလုပ်ငန်းဆောင်ရွက်

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးဝေရေးလုပ်ငန်းများဖြစ်သော အနောက်သာစည်ရပ်ကွက် ဂါလန် ၈၀၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း၊ နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအေးချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့က ရှင်းလင်းတင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

ဘားအံ၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကရင်ပြည်နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ရပ်ကွက်နှင့် ကျေးရွာအလိုက် မီးသတ်ပေးစစ်ဆေးခြင်း၊ လှုံ့ဆော်ခြင်းနှင့် မီးကင်းစောင့်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဘားအံမြို့ပေါ် ကိုးရပ်ကွက်အတွင်း မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိရေးကို အပတ်စဉ် စစ်ဆေးဆောင်ရွက်သည်။ (၀၀၈)

မိုးကောင်း၌ ရှေးဦးသူနာပြု သင်တန်းဆင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း (အခြေခံအဆင့်) သင်တန်းအမှတ်စဉ် (၂/၂၀၀၉) ဆင်းပွဲကို ဧပြီ ၉ရက် နံနက်က ကြာအင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာမြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူး(မြို့နယ်ရဲတပ်ဖွဲ့မှူး)ဒုတိယရဲမှူးတင်ငွေ တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (၀၀၁)

စာအုပ်စာစောင်တိုးပွားရေး ဝန်းသို၌ ဆွေးနွေး

ကသာခရိုင် ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မတ် ၁၉ရက် နံနက် ၁၁နာရီက ကျေးရွာစာကြည့်တိုက်စံ(၅)ရပ်နှင့်ပြည့်စုံရေးလုပ်ငန်းများ၊ မြို့နယ်စာကြည့်တိုက်တွင် လစဉ်စာအုပ်စာစောင်တိုးပွားရေး၊ စာငှားသူ၊ စာဖတ်သူတိုးပွားရေး၊ ကျေးရွာတိုင်း သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ် တစ်စောင်ရောက်ရှိရေးတို့ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စိုးခက်က ဆွေးနွေးသည်။ *(မြို့နယ် ပြန်/ဆက်)*

ဟုမ္မလင်းမြို့နယ်၌ စာကြည့်တိုက် ဆင့်ပွားသင်တန်းဖွင့်

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၆/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာအုပ်စု နာန္တုန်းကျေးရွာ လင်းတိတ်စာကြည့်တိုက်၌ ဧပြီ ၅ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးအကြောင်းကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းမဇ္ဈူက လက်တွေ့ စာကြည့်တိုက်ပညာကို လည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃)ဒေါ်နန်းထွေးအောင်က စာငှားကတ်စနစ်ကိုလည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုပန်မြို့တွင် ယာဉ်၊ လမ်းစည်းကမ်းစစ်ဆေးပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့လယ်အဝိုင်း လမ်းဆုံ၊ တံတားတို့၌ မြို့နယ်ယာဉ်၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ပြည်သူများခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းဝေးရေး၊ ယာဉ်၊ လမ်းစည်းကမ်းလိုက်နာရေးရည်ရွယ်၍ မတ် ၂၉ ရက်၊ ဧပြီ ၃ ရက်နှင့် ၈ ရက်တို့က မော်တော်ယာဉ်၊ ထော်လာဂျီယာဉ်များနှင့် ဆိုင်ကယ်စသည့် ယာဉ်နှင့်ယာဉ်မောင်းများအား ကြပ်မတ်စစ်ဆေးပညာပေးဆောင်ရွက်ကြောင်း သိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ဝိုင်းမော်၌ ပန်းအလှပင်များပျိုးထောင် ဆောင်ရွက်

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင် စိုက်ပျိုးခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ ဧပြီ ၄ရက်က အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ***(မြို့နယ်စည်ပင်)***

မြောက်ဥက္ကလာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ ၂၃ရက် မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်း ဝမ်းပျက် ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် မွန်းလွဲ ၁နာရီခွဲတွင် မြောက်ဥက္ကလာပ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံးသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်မှ တာဝန်ရှိသူတို့က တိုင်းအတွင်းနှင့် မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ ထောက်ပံ့ငွေများနှင့် ဘိလပ်မြေများကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံသည်။

ပြုပြင်ဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် သောက်သုံးရေကန်များ ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ ယာယီဆေးခန်း၌ ယင်လုံအိမ်သာခွက်နှင့် ပိုက်များကို မြို့နယ်နှင့်ရပ်ကွက်တို့မှ တာဝန်ရှိသူများအား ပေးအပ်ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မော်ဘီမြို့နယ်ရှိရန်ကုန်တိုင်းစစ်ဌာနချုပ်အမှတ်(၂) မွေးမြူရေးစခန်း (မော်ဘီ)သို့ ရောက်ရှိရာ စခန်းတာဝန်ခံက ဥစားကြက် မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ကြက်ခြံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့နယ် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ဆကာကြီးကျေးရွာ ၂၄နာရီ မီးလင်းရေး ဓာတ်အားလိုင်းဖွင့်ပွဲ

နယ်စပ်/စည်ပင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

နေပြည်တော် ဧပြီ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂၁ရက်က ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဓနုဖြူမြို့နယ် မြို့ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ကျော်မိုးက လမ်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ဓနုဖြူမြို့ အမှတ် (၁၀)ရပ်ကွက်နေ ဦးကံမြင့်က မြို့ပတ်ကတ္တရာလမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်၊ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့မိမြို့ဖ ဦးနိုင်ဝင်းတို့က မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

တက်ရောက်

အဆိုပါ ဓနုဖြူမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၂၅၄၀၊ အကျယ် ၁၈ပေရှိသည်။

ယင်းနောက် ဝန်ကြီးသည် ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာ၌ ကျင်းပသည့် ကျေးရွာ ၂၄နာရီမီးလင်းရေး ၁၁ကေဗွီအေ ဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က ဆကာကြီးကျေးရွာ လျှပ်စစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လျှပ်စစ်မီးသွယ်တန်းမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဆကာကြီးကျေးရွာမှ ရပ်မိရပ်ဖ ဦးစန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဧရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ငြိမ်း၊ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ရပ်မိရပ်ဖ ဦးစန်းလွင်တို့က ဆကာကြီးကျေးရွာ ၁၁ကေဗွီအေ ဓာတ်အားလိုင်း ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဆကာကြီးကျေးရွာ ၂၄နာရီမီးလင်းရေးအတွက် သွယ်တန်းထားရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်အသုံးပြုနိုင်ရန် ဓာတ်အားခလုတ်ကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌက ဖွင့်လှစ်ပေးပြီး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ၁၀၀ ကေဗွီအေ ထရန်စဖော်မာကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် ဆကာကြီးကျေးရွာသို့ သွယ်တန်းထားသည့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းမှ ၂၄နာရီ လျှပ်စစ်ဓာတ်အားလိုင်း ရရှိအသုံးပြုနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် ဆကာကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဆကာကြီးကျေးရွာ ၂၄နာရီ မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဓနုဖြူမြို့နယ် ဆကာကြီး၊ ရဲနီ၊ ချောင်းစောက်၊ ရုံးချောင်း၊ ထုံးဘို၊ ကပ်ခို၊ သဲဖြူ၊ လက်ဆွဲချောင်း၊ ရှမ်းစု၊ ကျောင်းကုန်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးရွာအလိုက်တင်ပြချက်များကိုပြန်လည် ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေကျပ် ၂၀၀ တန် ထီဖွင့်ပွဲ မေ ၁ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

(၂၄၄) ကြိမ်မြောက် ငွေကျပ် ၂၀၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို မေ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

ဆုမဲများ

ထို့ကြောင့် တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၁၀၀ ၁၃ဆု၊ ငွေကျပ်၁၀သိန်း ၂၇၃ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ်သုံးသိန်း ၁၃၅ဆု၊ ငွေကျပ်နှစ်သိန်း ဆု ၁၂၃၀၊ ငွေကျပ်တစ်သိန်း ၁၂၁၉၄ဆု အပါအဝင် ဆုမဲပေါင်း ၁၃၈၅၃ ဆုဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နွားထိုးကြီး၌ အလှူငွေနှင့် စာနယ်ဇင်းလှူဒါန်းပွဲကျင်းပ

နွားထိုးကြီး ဧပြီ ၂၅

နွားထိုးကြီးမြို့နယ် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအတွက် အလှူငွေပေးအပ်ပွဲနှင့် စာနယ်ဇင်းလှူဒါန်းပွဲကို မတ် ၁၆ရက်က နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာ ရတနာစာကြည့်တိုက်၌ ကျင်းပရာ ပုဂ္ဂလိကတစ်ဦးတည်းအလှူရှင်က ငွေကျပ် ၈၇သိန်း အပါအဝင် စေတနာအလှူရှင် လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းငွေကျပ် ၁၁၂သိန်း ငါးသောင်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ (၀၉၂)

သက်ကြီးပူဇော်ပွဲ ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဧပြီ ၂၅

ရမည်းသင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှု၊ ခရိုင်နှင့် မြို့နယ်မထသတို့ ပူးပေါင်းဆောင်ရွက်သည့် (၁၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၈ နာရီက ရမည်းသင်းမြို့နယ် အသင်းခန်းမ၌ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ခရိုင်ဥက္ကဋ္ဌဦးဦးခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အဘိုး အဘွားများအား တစ်ဦးလျှင် ငွေနှင့်ပစ္စည်းတန်ဖိုး ကျပ် ၁၇၀၀၀ နှုန်းဖြင့် ကန်တော့ကြကြောင်း သိရသည်။ (၁၆၉)

မြန်မာနှင့်ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး မေ ၂ရက်နှင့် ၃ရက်တွင် ကျင်းပတော့မည်

လုံးချော၊ စောငမန်း၊ တွေ့မရှောင်နှင့် ကြယ်လင်းအောင်တို့ ရိုးရာလက်ဝှေ့စွမ်းပြရန် အပြင်းအထန်လေ့ကျင့်နေကြ

၂၀၀၆၊ ၂၀၀၇ ရွှေခါးပတ်ချန်ပီယံ လုံးချော (မြန်မာ)။

လုံးချောနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် Samukawa (ဂျပန်)။

ရိုးရာလက်ဝှေ့သတင်းမြင်ကွင်း-ဇင်လင်းထွန်း(နေပြည်တော်) စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်ဗီဒီယို) စီစဉ်သည့် 'မြန်မာနှင့်ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး'ကို လာမည့် မေ၂ရက်(စနေ)နှင့် ၃ရက်(တနင်္ဂနွေ)နေ့များတွင် ညနေ ၃နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာပြည်ချန်ပီယံ စောငမန်း (မြန်မာ)။

စောငမန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် Jinkawa Hiroaki (ဂျပန်)။

ယှဉ်ပြိုင် ထိုးသတ်ကြမည်

၎င်းပြိုင်ပွဲကြီးကို နေ့စဉ် မြန်မာ-ဂျပန် စိန်ခေါ်ပွဲ တွဲဆိုင်းနှစ်ဆိုင်း၊ ပြည်တွင်းစိန်ခေါ်ပွဲတွဲဆိုင်းခုနစ်ဆိုင်း ပါဝင်သော ပွဲစဉ်ပေါင်းကိုးပွဲဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့ မေ၂ရက်တွင် ပထမတန်း ဒင်္ဂုံရွှေအောင်လံဆုရှင် လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၇) မြန်မာ့ရိုးရာ လက်ဝှေ့ကျော် တွေ့မရှောင်နှင့် ဂျပန်ဂျူဒိုခါးပတ်နက် ကစ်ဘောက်ဆင်သမား Crazy Hill ခေါ် Hiru Kawa Takashige၊ မြန်မာ့ရိုးရာလက်ဝှေ့ကျော် လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ(၂၀၀၆) ကြယ်လင်းအောင်နှင့် ဂျပန်ကရာတေးခါးပတ်နက် ကစ်ဘောက်ဆင်သမား Kurenai Toshiya တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဒုတိယနေ့ မေ ၃ ရက်တွင် မြန်မာ့ရိုးရာလက်ဝှေ့ကျော် အလွတ်တန်း ဒင်္ဂုံရွှေအောင်လံဆုရှင် စောငမန်းနှင့် ဂျပန်ဂျူဒိုခါးပတ်နက် ကစ်ဘောက်ဆင်သမား Jin Kawa Hiroaki ၊ မြန်မာ့ရိုးရာလက်ဝှေ့ကျော် အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ (၂၀၀၆၊ ၂၀၀၇) လုံးချောနှင့် ဂျပန်ဂျူဒို၊ ကရာတေးခါးပတ်နက် ကစ်ဘောက်ဆင်သမား Samukawa တို့ ရင်ဆိုင် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပဉ္စမအကြိမ်မြောက်

ယခုပြိုင်ပွဲသည် မြန်မာ့ရိုးရာလက်ဝှေ့ခေါင်းစည်းအောက်၌ မြန်မာနှင့်ဂျပန်လက်ဝှေ့သမားတို့ ပဉ္စမအကြိမ်မြောက် ယှဉ်ပြိုင်ကြမည့်ပွဲဖြစ်သည်။ ၂၀၀၄ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် ယခုကျင်းပမည့် ပြိုင်ပွဲရုံ၌ပင် T & T Group က စီစဉ်ကျင်းပခဲ့ပြီး ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ်များကို ဂျပန်နိုင်ငံ နဂါစကီနှင့်တိုကျိုမြို့များ၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ယခုပဉ္စမအကြိမ်ပြိုင်ပွဲက မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်သောပွဲ ဖြစ်လာသည်။

တုံ့ပြန်စိန်ခေါ်

ပထမအကြိမ်ပြိုင်ပွဲတွင် ဝင်းထွန်း၊ နိုင်းဝမ်းလေးတို့က ပြိုင်ဘက်များကို အလဲထိုးခဲ့ပြီး ရွှေဆိုင်းက သရေကျကာ အေးဗိုစိန်က ရှုံးနိမ့်ခဲ့သည်။ ဒုတိယအကြိမ် နဂါစကီမြို့၌ (၂၀၀၅ခုနှစ်) ယှဉ်ပြိုင်ခဲ့ကြစဉ် လုံးချောက ကျူရှူးကျွန်း ကရာတေးချန်ပီယံ အီမာမူရာကို ပထမအချီ၌ပင် ဘယ်ဒူးတိုက်ချက်ဖြင့် အနိုင်ယူခဲ့ပြီး စောဖွဲလေးက သရေပွဲ ရခဲ့သည်။ တတိယအကြိမ် (၂၀၀၆ခုနှစ်)တိုကျိုမြို့၌ ယှဉ်ပြိုင်ကြသောအခါ လုံးချောက J-Network ချန်ပီယံ ကရာတေးခါးပတ်နက် ယာမာအူချီကို တတိယအချီ၌ အလဲထိုးခဲ့ပြီး စောဖွဲလေးကလည်း ပြိုင်ဘက်ကို အနိုင်ယူကာ ကျော်ငြိမ်းက သရေကျခဲ့သည်။ စတုတ္ထအကြိမ် (၂၀၀၇)တိုကျိုမြို့၌ ယှဉ်ပြိုင်ကြပြန်ရာ လုံးချောက အမေရိကန် ကစ်ဘောက်ဆင်သမား နစ်ခ်ဖီယိုဒိုကို စတုတ္ထအချီ၌ ညာဖြောင့်လက်သီးဖြင့် အလဲထိုး

၂၀၀၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(မြန်မာ)။



တွေ့မရှောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် Crazy Hill (ဂျပန်)။

ခဲ့ပြီး စောဖွဲလေး၊ တာတိုးဝါးတို့ကလည်း ပြိုင်ဘက်များကို အလဲထိုး အနိုင်ယူရ၍ အောင်ဇေယျက အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ၎င်းပွဲ၌ ဘိလပ်မြေစတားသည် ပြိုင်ဘက် ဆာမူကာဝါ၏ နောက်မှချုပ်ညှစ်သတ်ကွက်ကြောင့် အရှုံးပေးခဲ့ရသည်။ စတားကို အနိုင်ယူခဲ့သော ဆာမူကာဝါ (SAMUKAWA)သည် ထိုပွဲအပြီး၌ပင် မြန်မာပြည်ချန်ပီယံ(ထိုစဉ်က) ဆိုသော လုံးချောကို ယှဉ်ပြိုင်ထိုးသတ်လိုပါကြောင်း တောင်းဆိုစိန်ခေါ်ထားခဲ့ဖူးသည်။ လုံးချောကလည်း ဆာမူကာဝါ၏ စိန်ခေါ်မှုကို ဘွာမခတ်ဘဲ အလျဉ်းသင့်သည့်အခါ ထိုးသတ်ကြရန် အမြဲအဆင်သင့်ရှိနေမည် ဖြစ်ကြောင်း တုံ့ပြန်စိန်ခေါ်ထားခဲ့သည်။

အပြင်းအထန်လေ့ကျင့်

ယခု သူတို့နှစ်ဦးတွေ့ကြတော့မည်ဖြစ်သည်။ အရပ် ခြောက်ပေရှိသော ဆာမူကာဝါသည် အသက်၂၈နှစ်သာရှိသေးသဖြင့် လုံးချောထက် အရပ် နှစ်လက်မခန့်မြင့်သည့်ပြင် ငယ်ဂုဏ်လည်းရှိသူဟု ဆိုရမည်။ ကရာတေးပြိုင်ပွဲပေါင်း ၂၈ပွဲ ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၈ပွဲနိုင် ခုနစ်ပွဲရှုံး သုံးပွဲသရေ မှတ်တမ်းရှိထားသူ ဆာမူကာဝါက ကိုယ်ခံပညာ ပေါင်းစုံပြိုင်ပွဲ Mixed Martial Arts(MMA) ၌လည်း နှစ်ပွဲပြိုင် နှစ်ပွဲလုံးအနိုင်ရထားသည်။ J-Network ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ဖြစ်ခဲ့ပြီး ယခုလက်ရှိလည်း K-1 ပြိုင်ပွဲနှင့်အပြိုင် လူကြိုက်များနေသော M-1 ပြိုင်ပွဲ၏ လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံဘွဲ့ ခံယူထားနိုင်သူဖြစ်သည်။ သို့ဖြစ်၍ ယခုပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သည့်အခါ မစ်ဒယ်ဝိတ်ရှိသော လုံးချောနှင့် ဝိတ်တန်းတူရန် ကိုယ်အလေးချိန် (ဝိတ်) လျှော့

၂၀၀၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင်(မြန်မာ)။

ထိုးသတ်မည်ဟု သိရသည်။ ဆာမူကာဝါသည် လုံးချောကိုယှဉ်ပြိုင်ထိုးသတ်လိုသော ဆန္ဒပြင်းပြသည့်အတွက် ၎င်း၏ လက်ရှိချန်ပီယံ (M1) သရဖူကာကွယ်ပွဲကိုပင် စွန့်ခွာ၍ ဝိတ်လျှော့ ထိုးသတ်လာခြင်းဖြစ်ပေရာ လုံးချောကလည်း ရွှေဆိုင်းကို ပွဲသိမ်းလိုက်သော ဒူးဖြင့်သာမက ၎င်း၏ ပါဝါညာလက်သီးပါ ပေါင်း၍ ရိုးရာလက်ဝှေ့အကြောင်းပြနိုင်ရန် အပြင်းအထန်လေ့ကျင့်ထားသည်ဟု ဆိုသည်။

မြန်မာပြည်ချန်ပီယံ

မြန်မာပြည်ချန်ပီယံဘွဲ့ဟု ဆိုနိုင်သော အလွတ်တန်းဒင်္ဂုံရွှေအောင်လံကို ပူပူနွေးနွေး ဆွတ်ခူးထားသူ စောငမန်းသည် ၎င်းနှင့် ကိုယ်အလေးချိန်သာမက အရပ်ချင်းပါ ညီမျှသူပေးပို့မှတ်တမ်းအရ ငမန်းကပင် လက်မဝက်ခန့်မြင့်နိုင်သည်။ ဂျင်ကာဝါကို ချုပ်သိုင်းပိုင်ရင် လုပ်တိုင်းနိုင်တယ်ဟူသော ရိုးရာလက်ဝှေ့ပညာခန်းဖြင့် ပွဲကြမ်းပြနိုင်ရန် သင်္ကြန်ကာလ၌ပင် ဘားအံသို့မပြန်ဘဲ ရန်ကုန်သုဝဏ္ဏ လေ့ကျင့်ရေးစခန်းတွင် အပြင်းအထန်လေ့ကျင့်ထားသည်။ ဂျူဒိုခါးပတ်နက်အဆင့်ရှိသူ ဂျင်ကာဝါနှင့် ချုပ်သိုင်းကိုင်ပေါက်ပညာခန်းပိုင်သူ စောငမန်းတို့ပွဲက ကျန်တွဲဆိုင်းများနှင့်မတူဘဲ တစ်မူထူးသော ရသကိုပေးစွမ်းလိမ့်မည်ထင်သည်။

အပြင်းအထန်လေ့ကျင့်

ပထမတန်း ဒင်္ဂုံရွှေအောင်လံဆုရှင် အလဲထိုး၊ အကွဲထိုးပွဲဆက်စံချိန်ရှင် တွေ့

ကြယ်လင်းအောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် Kurenai Toshiya (ဂျပန်)။

မရှောင်နှင့် ခရေဇီဟေးလ်တို့တွဲဆိုင်းကလည်း အလုံးအရပ်တူမျှနေသည့်အတွက် ထိုးလုံးသတ်ကွက်ချင်းသာမက အသည်းနှင့် သတ္တိချင်းပါ ယှဉ်ရတော့မည်ဖြစ်ပေရာ တွေ့မရှောင်၏ပရိသတ်များ အကြိုက်တွေ့မည့်ပွဲ ဖြစ်လာနိုင်ပေသည်။ တွေ့မရှောင်သည် ယခုပွဲကို အလေးထားသည့်အတွက် သင်္ကြန်တွင်း၌ပင် အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

ယုံကြည်

ယခုပြိုင်ပွဲကြီးသည် မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာမာရှယ်အတ်ပြိုင်ပွဲများသို့ ထိုးဖောက်နိုင်ရန် ပြိုင်ဘက်ချင်း ဝိတ်တန်းတူမျှမှုကို အလေးထားစီစဉ်သည့်အတွက် တွဲဆိုင်းအားလုံး ဝိတ်တန်းတူကြသည်။ သို့ရာတွင် ကျန်တွဲဆိုင်းသုံးဆိုင်းက အရပ်ချင်းပါ မတိမ်းမယိမ်းရှိကြသော်လည်း အရပ် ၅ပေ ၄လက်မသာရှိသော ကြယ်လင်းအောင်က ၅ပေ ၉လက်မရှိသော Kurenai Toshiya နှင့် ယှဉ်ပြိုင်ရမည် ဖြစ်ပေရာ တိုက်ခိုက်ရေးသဘောအရ အခက်အခဲရှိနိုင်သည်ဟု တွေးဆရပေသည်။ သို့သော် ကြယ်လင်းအောင်သည် ကိုယ်အလေးချိန် ၇၅ ကီလိုနှင့် အရပ်၅ပေ၁၀လက်မရှိသော လုံးချောနှင့် သရေနှစ်ပွဲ ယှဉ်ပြိုင်ခဲ့ဖူးပြီး ၅ပေ ၁၁လက်မရှိသော အယ်ထီးကော်ကို ယမန်နှစ်က ကရင်ပြည်နယ် ဘားအံမြို့နယ် လွန်းညမဟာသင်္ကြန်ပွဲတွင် အောက်ပိုင်းဖြိုကပ်ဒူးတိုက် ချက်များဖြင့် အနိုင်ယူခဲ့ဖူးသဖြင့် ယခုပွဲ အတွက်လည်း ထူးခြားသော သတ်လုံးသတ်ကွက်များ ဖော်ဆောင်ယှဉ်ပြိုင်အနိုင်ယူလိမ့်မည်ဟု ယုံကြည်ရပေသည်။

မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများအပါအဝင် ပွဲစဉ်များအတွက် ရုံဝင်ကြေးအထူးတန်း(တစ်နေ့အတွက်) ကျပ်တစ်သောင်း၊ ရိုးရိုးတန်း ကျပ်၇၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅လမ်း (အလယ်ဘလောက်) ဖုန်း-၃၈၇၆၅၀နှင့် ၀၉-၅၁-၂၈၂၄၄တို့၌ဝယ်ယူနိုင်ကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၀၉ ရက်(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မိုးယွန်းကြီးရေထိန်းတံခါး
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ **ကောင်းခြင်းဝေဖြာ** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဖေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၀)
- ၁၂း၂၀ ၄။ Golf Magazine (TV)
- ၁၂း၄၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **ဘဦး ရေကူးနေသည်** ဖိုးသောကြာ၊အရိုင်း၊ရတနာခင် (ဒါရိုက်တာ-ဥက္ကာဗို)
- ၁၄း၃၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄း၄၀ ၇။ **အနိုင်အရှုံး** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၄း၄၅ ၈။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၁၅ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၁၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ ကာတွန်းအစီအစဉ် (Pocket Dragon Adventure)
- ၆း၅၅ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **ပီယမောင်** ဒိန်းဒေါင်၊ အိတုန်၊ သူဇာပွင့်၊ ဝါဝါ၊ မယ်လနီ (ဒါရိုက်တာ-ထင်ထင်း)
- ၇း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၈)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၂)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးရူးတင်ပါတယ်**(အပိုင်း-၅)
- ၁၉။ အစီအစဉ်ပြီး၏။

ကျောက်တန်း မဟာသုခရပ်ကွက် သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၂၅

ကျောက်တန်းမြို့ မဟာသုခရပ်ကွက် လူငယ်များ၏ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို (မြန်မာနှစ်ဆန်း တစ်ရက်)ဧပြီ၁၇ရက်က မဟာသုခဗိမာန်၌ ကျင်းပရာ ရပ်ကွက်အတွင်းရှိ အသက်(၇၅)နှစ်နှင့်အထက် ဘိုးဘွား ၄၁ဦးတို့အား အလှူငွေနှင့်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

မဟာသုခရပ်ကွက် လူငယ်များ အနေဖြင့် နှစ်ဆန်းတစ်ရက် နံနက်ပိုင်းတွင် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ညနေပိုင်းတွင် ရပ်ကွက်တွင်း ပရိတ်တရားနာယူခြင်းများကို နှစ်စဉ်အစဉ်အလာမပျက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၁၁၅)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၆-၄-၂၀၀၉) ရက်

၂၀၀၉ ခုနှစ် မေလအတွက်

(၁၀-၅-၂၀၀၉)ရက်နှင့် (၃၁-၅-၂၀၀၉) ရက်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည့်အဖွဲ့ ရန်ကုန်မှ အမ်းမြို့သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ ပူးပေါင်း ပါဝင်ဆောင်ရွက်မည့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အမ်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀)တွင် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ခေါင်းဆောင်သည့် မျက်စိအထူးကု ဆရာဝန်ကြီးများပါဝင်သော ၄၃ဦး ပါအဖွဲ့သည် ဧပြီ၂၅ရက် နံနက်စနာရီတွင် ရန်ကုန်မြို့မှ အမ်းမြို့သို့ မြန်မာ့လေကြောင်း ခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀)ရပ်ကွက်၏ ရပ်ကွက်လုံးဆိုင်ရာ (၁၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ၁၇ရက်က သီရိအောင်မြေဓမ္မာရုံ၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကြည်ထွန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေးအဖွဲ့ဝင်များက သက်ကြီးဘိုးဘွား ၄၈ဦး တို့အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (၁၃၃)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကမ္ဘောဇ F.Cနှင့် Delta United F.C တို့၏ ခြေစမ်းပွဲ ဂိုးမရှိသရေကျ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် အသင်းများဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)ကိုယ်စားပြု ကမ္ဘောဇ F.Cနှင့် ဧရာဝတီတိုင်းကိုယ်စားပြု Delta United F.C တို့သည် ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်း၌ ခြေစမ်းကစားကြရာ တစ်ဖက်နဲ့တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲ ဖြစ်သွားခဲ့ပါတယ်။

ကမ္ဘောဇF.C - ဂိုးမရှိ Delta United F.C - ဂိုးမရှိ

အခုခြေစမ်းပွဲကတော့ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်အသင်းတွေအချင်းချင်း ကစားကြတဲ့ ပထမဦးဆုံး ခြေစမ်းပွဲပဲ ဖြစ်ပါတယ်။ ဒီနှစ်သင်းစလုံးဟာ အခုပွဲ မတိုင်ခင်က AFC Challenge Cup ဘောလုံးခြေစစ်ပွဲဝင် မြန်မာ့လက်ရွေးစင် အသင်းနဲ့ ခြေစမ်းကစားထားကြတဲ့အသင်းတွေဖြစ်ပြီး Delta United က နှစ်ပွဲစလုံး ရှုံးနိမ့်ထားသလို ကမ္ဘောဇ F.C ကလည်း တစ်ပွဲကစား တစ်ပွဲရှုံးထားပါတယ်။ AFC Challenge Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းမှာ ပါဝင်သွားတဲ့ ကမ္ဘောဇ F.C မှ ဟန်ဝင်းအောင်၊ အေးဆန်း၊ မိုးဝင်း၊ ခင်မောင်လွင်၊ ကျော်ဇင်ထက်(ဂိုး)၊ ဝင်းမင်းထွဋ်၊ Delta United F.C မှာ အောင်ကျော်မျိုးနဲ့ စိုးသီဟအောင်တို့ အခုပွဲမှာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။

ကမ္ဘောဇတိုက်စစ်မှူး စထက်နိုင်ဝင်းနှင့် Delta United နောက်ခံလူ ဇော်ဇော်ဦးတို့ ဘောလုံးရရှိရေးကြိုးစားနေစဉ်။ (မြန်မာ့အလင်း)

အခွင့်အရေး

အခုပွဲမှာ နှစ်သင်းစလုံး လူမစုံတာကြောင့် အကောင်းဆုံးပုံစံမရခဲ့သလို ဂိုးရနိုင်တဲ့ အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့၍ သရေပွဲဖြစ်ခဲ့တယ်ဆိုရင် မမှားပါဘူး။ ပွဲအစပိုင်းမှာ Delta United အသာရခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ကမ္ဘောဇတို့ ပွဲကို စိုးမိုးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘောဇအသင်းဟာ တွဲလုံးတွေကနေ ထိုးဖောက်ရမယ့်အစား အမြင့်ဘောတွေ အသုံးပြုခဲ့တာ၊ ကွင်းလယ်က ဘောလုံးအထွက်နည်းတာကြောင့် တိုက်စစ်ဟာထင်သလောက် အားမပါခဲ့ပါဘူး။ ဒါ့အပြင် တိုက်စစ်မှူး စထက်နိုင်ဝင်း ဂိုးရနိုင်တဲ့ အပိုင်အခွင့်အရေး နှစ်ကြိမ်ကို အသုံးမချနိုင်ခဲ့တာကတော့ ကမ္ဘောဇကံဆိုးသွားပါတယ်။ Delta United F.C ကတော့ ကမ္ဘောဇနောက်တန်းရဲ့ ဟာကွက်တွေကနေ ဂိုးရဖို့ ကြိုးပမ်းခဲ့ပြီး ဇင်မျိုးအောင်နဲ့ တင်ဇော်မိုးတို့ ဂိုးသွင်းခွင့်တွေ လွဲချော်ခဲ့တာကြောင့် ဂိုးမရခဲ့ပါဘူး။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ကမ္ဘောဇ F.Cရော Delta United F.C ပါ လူအပြောင်းအလဲတွေလုပ်ပြီး လာမယ့်မေ၁၆ရက်မှာ စတင်မယ့် MNL Cup 2009 ဘောလုံးပြိုင်ပွဲအတွက် ကစားကွက်တွေ၊ လူနေရာချထားမှုတွေ စမ်းသပ်ခဲ့ပါတယ်။ ကမ္ဘောဇအသင်း ပိုဖိကစားနိုင်ခဲ့ပေမယ့် အဆုံးသတ် အားနည်းလို့ ဂိုးမရခဲ့ဘဲ Delta United F.C ကလည်း ပွဲပြီးခါနီးမှာ ဂိုးရဖို့အခွင့်အရေးပေါ်ခဲ့ပေမယ့် ဇော်မျိုးမင်းရဲ့ ပြစ်ဒဏ်ဘောကန်ချက် ဘားထိထွက်သွားလို့ နှစ်နာခဲ့ရပါတယ်။

သူတို့ပါဝင်ကစား

ကမ္ဘောဇ F.C မှာ **ဂိုး**-ရဝေဇင်၊ ဖြိုးမင်းမောင်၊ **နောက်တန်း**- မင်းမင်းထွန်း (စည်သူအောင်)၊ မျိုးမြင့်အောင်၊ အောင်ကျော်ဦး၊ ဉာဏလွင်(ဇင်မင်းထွန်း)၊ **အလယ်တန်း**- နေဇော်ထက်၊ တင့်နိုင်ထွန်းသိန်း (နေဝင်း)၊ နေဝင်းအောင် (အောင်သန်းဝင်း)၊ အောင်ဝင်းနိုင်(စိုးမင်းဦး)၊ **ရှေ့တန်း**-စိုးမြတ်မင်း (တင်အောင်မိုး)နဲ့ စထက်နိုင်ဝင်းတို့ ပါဝင်ကစားသွားကြပြီး Delta United F.C မှာ **ဂိုး**-သီဟစည်သူ (နေလှိုင်)၊ **နောက်တန်း**-နေအောင်၊ဇော်ဇော်ဦး၊ မျိုးဝင်းထွဋ်၊ ဇင်မင်း(သန့်ဇင်ဦး)၊ **အလယ်တန်း**- ဇော်မျိုးမင်း၊ လှအေးထွေး၊ ထွန်းလင်းအောင်၊ မြင့်နိုင်(ခွန်ဖေယျာထွန်း)၊ **ရှေ့တန်း**- တင်ဇော်မိုးနဲ့ ဇင်မျိုးအောင် (မင်းမင်းသူ) တို့ပါဝင်ကစားသွားကြပါတယ်။

လာမယ့် ဧပြီ ၂၉ ရက်(ဗုဒ္ဓဟူးနေ့)မှာ မကွေး F.C နဲ့ ကမ္ဘောဇ F.C တို့ ခြေစမ်းပွဲ ထပ်မံကစားကြမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

တနင်္သာရီတိုင်း၌ နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ဒီဂရီ စင်တီဂရိတ်၊ မင်းဘူးမြို့တွင် ၄၄ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ သောင်ဦးမြို့နှင့် မကွေးမြို့တို့တွင် ၄၂ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ဒသမ၅၂လက်မ၊ မာန်အောင်မြို့တွင် ၁ဒသမ၀၂လက်မနှင့် နမ့်စန်မြို့တွင် ၀ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မှ တာဝန်ခံအင်ဂျင်နီယာ ဦးထိန်လင်းခေါင်းဆောင်သောအဖွဲ့ ရန်ကုန်-သန်လျင်-သုံးခွ-ကျောက်တန်း- ခရမ်းမြို့နယ်များသို့ ပြေးဆွဲနေသည့် ခရီးသည်တင်မော်တော်ယာဉ်များအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်ယာဉ်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ ဧပြီ ၂၄ရက်က ရှောင်တခင်စစ်ဆေးစဉ်။ (ကညန)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား မန္တလေး၌ကျင်းပ

မန္တလေး ဧပြီ ၁၄

မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ဓမ္မဗိမာန်၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားသို့ ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်စန်းစန်းအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးမှ ဒေါက်တာဒေါ်သန္တာသွင်က ကျန်းမာရေးဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားပြီး**(အောက်ပုံ)** မြို့နယ်စီမံချက်ဆရာဝန် ဒေါက်တာအာရှာမီးရားက မြို့နယ်စီမံချက်လုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

ကုသပေး

ယင်းနောက် မန္တလေး အောင်မြေသာစံမြို့နယ်အတွင်း အထွေထွေရောဂါကုဆရာဝန် ၂၄ဦးက စီမံချက်ပါ ဆေးခန်းခြောက်ခန်းတွင် တီဘီရောဂါများ ကုသစောင့်ရှောက်ပေးပြီး ၂၀၀၈ခုနှစ် သံသယရှိသူ လူနာ ၃၃၃ဦးတို့အား စစ်ဆေးခဲ့ရာ ၁၅၅ဦး ရောဂါရှိနေသဖြင့် အခမဲ့ဆေးဝါး ကုသပေးခဲ့ကြောင်း သိရသည်။ (ဝဇဝ)

တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေတြိဂံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

တာချီလိတ် ဧပြီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဖြစ်စေရေးအတွက် နယ်စပ် ဒေသ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက် မွန်းလွဲ၂နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ဌာနဆိုင်ရာ များနှင့်အတူ မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဆမ်ဖူးကျေးရွာသို့ ရောက်ရှိပြီး ဦးစီးအရာရှိ ဦးမောင်ကြည်က သတင်းစာနှင့် မဂ္ဂဇင်းစာစောင်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအိုက်ဆွေက လက်ခံယူသည်။

ဆက်လက်ပြီး ညနေ၃နာရီတွင်ပါဆာကျေးရွာသို့ရောက်ရှိပြီး ပါဆာကျေးရွာ ရွှေတြိဂံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကျော်စိုးလွင်နှင့် ဦးစီးအရာရှိ ဦးမောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုင်းရန်နိုင်ဦး မတ် ၂၆ ရက်က ဟိုမိန်းမြို့ မြို့ရေ ပေးရေးနှင့် သောက်သုံးရေရရှိမှု၊ ရေစုကန်များ ဆောင်ရွက် ထားရှိမှုတို့ကို စစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးခွန်ပြည့်စုံက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

ဒိုက်ဦးမြို့မဈေးကြီးအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ် မြောင်းတူးဖော်ရှင်းလင်းခြင်းကို ဧပြီ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း များ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင်ဦးလေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကွန်ဟိန်း၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်

ကွန်ဟိန်း ဧပြီ ၈

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် ညနေ ၄ နာရီက ကွန်ဟိန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ဘောလုံးကွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဆွေက တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ပြိုင်ပွဲဝင်အသင်း ၁၆သင်းတို့ တက်ရောက်ကြသည်။

ဆက်လက်၍ အကဲဖြတ်ဒိုင်အဖွဲ့မှ ပြိုင်ပွဲ စည်းကမ်းချက်များ ဖတ်ကြားရှင်းလင်းပြီး ထမနဲထိုးပြိုင်ပွဲကို ကျင်းပကြရာ ပထမဆုရရှိသော အမှတ်(၄)ရပ်ကွက်အား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဆွေကလည်းကောင်း၊ ဒုတိယဆုရရှိသော စစ်ဗျူဟာအဖွဲ့အား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ တတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူးက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ဖားကန့်စည်ပင် ပန်းအလှပင်များ မြေသြဇာဖြည့်သွင်း

ဖားကန့် ဧပြီ ၂၂

ဖားကန့်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပမှုရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်း ဦးဆောင်သော ဝန်ထမ်းများ အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၃) လမ်းမကြီးတစ်လျှောက်ရှိ ပန်းခွက်များတွင် စိုက်ပျိုးထားသော ပန်းအလှပင်များကို ပေါင်းသင်မြက်နုတ်ခြင်း၊ မြေသြဇာဖြည့်သွင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရပ်စောက်၌ အရုဏ်လူငယ်စာကြည့်တိုက်ဖွင့် သုတ၊ ရသစာအုပ်နှင့် အလှူငွေများလှူဒါန်း

ရပ်စောက် ဧပြီ ၁၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ဥတ္တံတားရပ်ကွက်၌ အရုဏ်လူငယ်စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၀ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းပြီး စာကြည့်တိုက်ကို ဖွင့်လှစ်ပေး သည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် ဦးကိုကို-ဒေါ်နန်းတင်တင်အေး မိသားစုက သုတ၊ ရသစာအုပ်များကို လည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းလှိုင်က အလှူငွေကျပ်တစ်သောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ လည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှ လည်းကောင်း တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊
(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊
(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊
(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိ ပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊
(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင် စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင် ရွက်ရန်၊
(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊
(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေး ကိရိယာကို အသင့်ထားရှိရန်၊
(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကွင်းမီးကျန် များကို ငြိမ်းသတ်ထားရန်၊
(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင် ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊
(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်း ပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊
(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်း အရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်း ကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်း သတ်ရန်၊
(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ် စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာ များသို့ ညွှန်ပြရန်၊
(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊
(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့် မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေး ကြရန်။

မီးသတ်ဦးစီးဌာန

အမည်ပြောင်း
အဖ ဦးကျော်ဇောလှ၏ သမီး စစ်တွေမြို့ ပုဏ္ဏားကျွန်း အထက ကျောင်း နဝမတန်း(C)မှ မဖြတ်ခိုင် ဇာဦးအား မဆုယမင်းဟု ပြောင်းလဲ ခေါ်ပါရန်။ **မဆုယမင်း။**

အမည်ပြောင်း
အဖ ဦးဇော်ထွေး၏ သမီး ကြည့်မြင်တိုင် အမက(၆) စတုတ္ထ တန်းမှ မဖြတ်နန္ဒာခိုင်အား မဖြတ်သန္တာဟု ပြောင်းလဲခေါ်ပါရန်။ **မဖြတ်သန္တာ။**

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း
ကျွန်မဒေါ်ခင်စိန်(ဘ)ဦးယူဆွတ် ၁၃/တကန(နိုင်)၁၂၁၂၁၀က တောင်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ဦးမျိုးသက်နိုင်(ဘ)ဦးလှမြင် ၁၃/တကန (နိုင်)၀၅၈၂၂၅သို့ လွှဲအပ်ပေးခဲ့သည့် ၂၁-၈-၂၀၀၇ရက်စွဲပါ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၂၁၉/၂၀၀၇)ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာအပ်ပါသည်။
ဒေါ်ခင်စိန် ၁၃/တကန(နိုင်)၁၂၁၂၁၀။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ်-တက/၁၃၂၀၅ ယာဉ်အမျိုးအစား-ကမ်ဘို၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန့်ဇင်ဝင်း ၁၃/တကန(နိုင်)၁၉၀၅၈၆က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တောင်ကြီး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံများအတွက် လိုအပ်သော စက်ပစ္စည်းများအား ချိပ်ပိတ်တင်ဒါဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ တင်ဒါပုံစံများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)
ဖုန်း-၀၁-၆၄၆၂၆၈၊ ၀၁-၆၄၆၂၇၄။

နိကာယ်စာမေးပွဲအတွက်
ဝိနည်းမဟာဝါနှင့်ပရိဝါတို့ကို ပို့ချသင်ကြားမည်။ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ (မဟာဂန္ထဝါစကပဏ္ဍိတ) မင်္ဂလာအေးကျောင်းတိုက်၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဖုန်း-၅၈၄၇၁၇။ (မူ၊ ငယ်၊ လတ်၊ ကြီး စာသင်သံဃာများလည်း လက်ခံသည်။)



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ပဲခူးမြို့၊ အမှတ်(၇၁)၊ ဓနသိဒ္ဓိလမ်း၊ သွန်းဘုရားရပ်ကွက်နေ မောင်သူရဇော်လတ် ၇/ပခန (နိုင်)၂၃၁၂၄၈ သည် မိဘများအပေါ် ကြိမ်ဖန်များစွာ စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။
ဖခင်-ဦးညွှန့်လွင် ၇/ပခန(နိုင်)၀၅၁၈၉၀။

လူပျောက်


၁၈-၄-၂၀၀၉ရက်တွင် ဦးမောင်ညီရွှေ(စိတ်ဝေဒနာရှင်)သည် သမိုင်းအောင်ဓမ္မရိပ်သာတွင် နေထိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၆၆၁၁၀၁။



တောင်သာမြို့နယ်အသင်း(ရန်ကုန်) (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ
တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်(အသင်းမဝင်ရသေးသူများပါ) မိသားစုများ၊ ဆုယူမည့်သူများပါ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၀၉ ခုနှစ် မေ ၂ရက် (စနေနေ့)
အချိန် - နံနက် ၀၇း၀၀ နာရီ
နေရာ - စက်မှုဓမ္မာရုံ(အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး)
အခမ်းအနားအပြီးတွင် အကျွေးအမွေးဖြင့် ဧည့်ခံပါမည်။
အမှုဆောင်အဖွဲ့။

မီး အစဉ် သတိပြု

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦး မတ်၂၅ရက်က ဟိုမိန်းမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်ထားမှုကိုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးခွန်ပြည့်စုံက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

ကွန်ဟိန်း၌ မူကြိုကလေးများ ဉာဏစွမ်းရည်ပြိုင်
ကွန်ဟိန်း ဧပြီ ၁၂

မူကြိုကလေးငယ်များ၏ ဉာဏစွမ်းရည်ကပွဲ၊ပြိုင်ပွဲကို ကွန်ဟိန်း နမ့်ပန်ခန်းမဆောင်၌ ဖေဖော်ဝါရီ၁၂ရက် နံနက် ၁၁ နာရီခွဲက ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ဆွေနှင့် ဇနီးတို့ တက်ရောက်အားပေးပြီး ပါဝင်ယှဉ်ပြိုင်ကြသော မူကြိုကလေးငယ်များမှ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၃၀ရက်က မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော ဆေးရုံလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေနေသယံဇာတမျိုး ထိန်းသိမ်းရေးနှင့် ကျောက်ပုစွန်များ မျိုးပြန်းတီးမှုကာကွယ်ရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ
သံဖြူဇရပ် ဧပြီ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၏ ကြပ်မတ်မှုဖြင့် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးလှမင်းဇော်နှင့် အဖွဲ့သည် ရေနေသယံဇာတမျိုး ထိန်းသိမ်းရေးနှင့် ကျောက်ပုစွန်များ မျိုးပြုန်းတီးမှုကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၃ရက်က ကျိုက္ခမီမြို့ အောင်ပင်လယ်ရပ်၊ ဖေဖော်ဝါရီ ၁၄ရက်က စက်စဲ၊ ရသေ့တောင်ရွာတို့တွင် သုံးထပ်ပိုက်၊ မြှုံး၊ သုံးလက်မလွှာချင်း ပိုက်များဖြင့် ကျောက်ပုစွန်ဖမ်းဆီးကြသူများအား အသိပညာပေးရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြန်လည်စေလွှတ်
အဆိုပါ သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီ ဒုတိယပတ်အထိ ရောင်းဝယ်စုဆောင်းသည့် ကျောက်ပုစွန်ကန်များသို့ ခုနစ်ကြိမ်တိုင် ကွင်းဆင်းစစ်ဆေးတွေ့ရှိမှုအပေါ် အရွယ်အစားမပြည့်မီသော ဂရမ် ၁၅၀ အောက် ကျောက်ပုစွန်ကောင်ရေ ၉၂ကောင်ကို မျိုးထိန်းသိမ်းရေးအတွက် ပင်လယ်ပြင်သို့ စနစ်တကျ ပြန်လည်စေလွှတ်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**
(မြို့နယ်ငါးဦးစီး)

မြို့နယ်သတင်းများ

မိုးကြို ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး နှိုးဆော်ချက်
၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီ လလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာ အဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။
၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။
၇။ အစိဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ဟူမွလင်း၌ သက်ကြီးပူဇော်
ဟုမ္မလင်း ဧပြီ ၂၀

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် နောင်ပကျစ်ရပ်ကွက် မြသိန်းတန်မြို့နယ်ဓမ္မာရုံတွင် ဧပြီ ၁၆ ရက် မွန်းလွဲ ၁နာရီက နဝမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် အသက် ၇၀နှင့်အထက် အဘိုး ၂၁ဦး၊ အဘွား ၅၆ဦး စုစုပေါင်း ၇၇ ဦးတို့အား တက်ရောက်လာကြသူများက ကန်တော့ပြီး အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၁၇၅၀၀နှင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၃ သိန်းကျော်ရှိ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် အရာရှိများ၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးညွှန့်ဇော်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးသတ်ဆေးဘူး၊ မီးသတ်စက်ငယ်များဖြင့် မီးငြိမ်းသတ်မှု၊ ဇာတ်တိုက် လေ့ကျင့်မှုကို မတ် ၂ ရက်က ဦးစီးအရာရှိ ဦးဝင်းဆွေ၊ ဒုတိယဦးစီးမှူး(ဈေး)ဦးအောင်မြင့်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းညွှန့်တို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရေး ပညာရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကအခန်းကဏ္ဍမှပါဝင်

ဆရာ ဆရာမများကိုယ်တိုင် ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်ရေး စဉ်ဆက်မပြတ်လေ့လာ တပည့်များကို ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ထက်မြက်သူများဖြစ်ရေး လေ့ကျင့်ပညာပေး

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိသည်။

လှည့်လည်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ■

ထူးခြားသည့်နေ့အပူချိန်

၂၅-၄-၂၀၀၉

ချောက်	၄၅ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄ ဒီဂရီစင်တီဂရိတ်
မကွေး	၄၂ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၅-၄-၂၀၀၉

ကော့သောင်း	၂ ဒသမ ၅၂ လက်မ
မာန်အောင်	၁ ဒသမ ဝ၂ လက်မ
နမ့်စန်	ဝ ဒသမ ၄၇ လက်မ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)နှင့် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) တို့မှ ခေတ္တကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

သတင်းမြင်ကွင်း
ကျော်စိန်

ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကဒပ္ပနရေထိန်းတံခါး စီမံကိန်း

နိုင်ငံတစ်ဝန်းလုံး ရေသယံဇာတ၊ မြေသယံဇာတများ ဖော်ထုတ်အသုံးပြုနိုင်ရန် စူးစမ်းလေ့လာဆောင်ရွက်ခဲ့ရာတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် အရှေ့မြောက်ပိုင်းရှိ လယ်မြေများ မိုးတွင်းကာလ ရေကြီးနစ်မြုပ်မှုနှင့် ဆားငန်ရေဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် နွေရာသီတွင် စိုက်ပျိုးရေပိုမိုရရှိရေးအတွက် ရည်ရွယ်၍ ကျောက်တန်းမြို့နယ်အတွင်း ကဒပ္ပနရေထိန်းတံခါးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●